အမှတ်-၁၀၁၃

DHAMMAVIJJĀLAYA

2546 2003

CENTRE FOR BUDDHIST STUDIES

အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# ရှစ်ယောက် နှင့် တစ်ယောက်

ဓမ္မဒါနကုသိုလ်ရှင်

# ''နတ်လူသာစုခေါ်စေသော်''


အောင်ဇမ္ဗူပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၄၁၉၃, ၀၉-၅၁၄၆၀၉၅

သို့

........................................................

........................................................

မှ

........................................................

........................................................

[ အမှတ်တရ ဓမ္မဒါန ]

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

**အလှူအားလုံးတို့တွင်**

**တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သသန-၀၉ အရ
၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

**ထုတ်ဝေသူ**

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

**မျက်နှာဖုံးဒီဇိုင်း၊ အတွင်းဖလင်နှင့်ပုံနှိပ်**
**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ် ၁၅၂၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

**စာအုပ်ရရှိနိုင်သောနေရာ**

**ဦးကံထွန်း(စိုးစံ) ဓာတ်လက်ထရောနစ်**
အမှတ်(၁၄၂)၊ (၂၃)လမ်း။
ဖုန်း ၀၁-၂၄၀၆၇၀၊ ၀၁-၅၁၃၂၄၃၊ ၀၉-၅၁၅၃၈၂၁

မွေမျှုပာ သာသနမာမကာအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ မွေစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၈၈၀

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ရှစ်ယောက်နဲ့တစ်ယောက်

## အရှင်နန္ဒမာလာဘိဝံသ ၏
## ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ MRTV(4) တရားတော်များ (၃)ပုဒ်တွဲ
(က) နှစ်ဦးကာလ ဓမ္မလက်ဆောင်
(ခ) မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
(ဂ) ယနေ့လူသားများရဲ့ မနက်ဖန်ကမ္ဘာ
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာစုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား

# အမှာစကား

သာသနာတော်နှစ် ၂၅၅၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈- ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈-ရက်၊ ရန်ကုန်တိုင်း၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်အတွင်းဝယ် ဝိနယာဓိက ဝိနည်းစာတော်ပြန် မေးဖြေပွဲကြီးနှင့် စပ်လျဉ်း၍ ဆင်ယင်ကျင်းပပြုလုပ်အပ်သော ညဉ့်ဦးယံမွေသဘင် အခမ်းအနားဝယ် ဟောကြားအပ်သည့် “**ရှစ်ယောက်နှင့်တစ်ယောက်**” တရား ဒေသနာတော်။

ဤစာအုပ်သည် ဟောတရားကို အသံမှ စာလုံးအဖြစ် ကူးပြောင်းကာ တည်းဖြတ် ထုတ်ဝေ

အပ်သော စာအုပ်ဖြစ်သည်။ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်၌လာရှိသော "**အက္ခဏသုတ်**" ကိုပင် "**ရှစ်ယောက်နဲ့တစ်ယောက်**" ဟု အမည်ပေးကာ ဟောထားခြင်း ဖြစ်သည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြသည့် "**သြကာသကန်တော့ချိုး**" တွင် ပါဝင်သည့် '**ရပ်ပြစ်ရှစ်ပါး**' ဆိုသည်မှာ အဆိုပါ ရှစ်ယောက်ရဲ့ ဖြစ်ရာဘုံဘဝ ရှစ်မျိုးကို ရည်ညွှန်းသည်။

ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် မူရင်း အက္ခဏသုတ်ကိုလည်း ဖတ်ရှုလေ့လာသင့်သည်။ ရရှိထားပြီး မိမိတို့ရဲ့ ဘဝအခြေအနေကောင်းများကို လက်တွေ့အသုံးချကာ ဘဝတန်ဖိုးကို အပြည့်အဝ အရယူနိုင်ကြပါစေ။

မွေ့အသိ ရှိလျက်နေမည်။

**အရှင်နန္ဒမာလာဘိဝံသ**

# ရှစ်ယောက် နဲ့ တစ်ယောက်

ဒီကနေ့ညဟောမယ့် တရားရဲ့ အမည်က **ရှစ်ယောက်နဲ့တစ်ယောက်** တဲ့။ "**ရှစ်ယောက်နဲ့ တစ်ယောက်**" ဆိုတာ ဘယ်နှစ်ယောက်တုန်း၊ ကိုးယောက်နော်၊ ကိုးယောက်လို့ မပြောဘဲနဲ့ ဘာဖြစ်လို့ "**ရှစ်ယောက် နဲ့ တစ်ယောက်**" လို့ ပြောရသလဲဆိုတာ တရားနာပြီးရင် သဘော ပေါက်မှာပါ။ တရားချစ်ခင် သူတော်စင်တို့ဟာ ရှစ်ယောက်ထဲမှာပါသလား၊သို့မဟုတ် တစ်ယောက် ထဲမှာ ပါသလား ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ကြ ရမှာပါ၊

ဒီ ဒေသနာတော်အရ **"ရှစ်ယောက်နဲ့ တစ်ယောက်"** ဆိုတာ အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်က ရှစ်ယောက်ရှိတယ်၊ လောကမှာ ဘဝအခြေအနေ အကျိုးပေးမလှလို့ ကံဆိုးမိုးမှောင်ကျပြီး အခြေအနေမလှတဲ့ပုဂ္ဂိုလ်က ရှစ်ယောက်၊ ကံကောင်းလို့ အခြေအနေကောင်းရထားတဲ့ ပုဂ္ဂိုလ်က တစ်ယောက်ထဲပဲရှိတယ်။ ဆိုလိုတာက ကိုးယောက်မှာ တစ်ယောက်ပဲ ကံကောင်းတယ်လို့ ပြောတာနော်။ အေး ကံမကောင်းတဲ့လူက ရှစ်ယောက်၊ ကံကောင်းတဲ့လူက တစ်ယောက်ထဲပဲ ရှိတယ်၊ အဲဒီ တစ်ယောက်ထဲမှာ တရားချစ်ခင်သူတော်စင် ပရိသတ်တို့ ပါတယ် မပါဘူးဆိုတာ ကိုယ့်ဖာသာကိုယ် ကြည့်ရမယ်။

# အခွင့်ကောင်းရသူနဲ့ မရသူ

ကံမကောင်း အကြောင်းမလှ အခြေအနေ မပေးတဲ့ပုဂ္ဂိုလ် ရှစ်ယောက်ဆိုတာ ဘယ်သူတွေလဲ၊ သံသရာဝဋ်က လွတ်ကင်းဖို့ တရားဓမ္မတွေကို မြတ်စွာဘုရားက ဟောတယ်၊ ထိုဟောထားတဲ့ တရားဓမ္မတွေကိုကျင့်ဖို့ အခွင့်အလမ်း မရရှိတဲ့ ပုဂ္ဂိုလ်တွေကို ပြောတာ။ လောကမှာ လူဖြစ်လာသော်လည်း အခွင့်အရေးဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်တွေက အများကြီးပဲ၊ သံသရာလည်နေကြတဲ့ အထဲမှာ လူတိုင်းလူတိုင်း အခွင့်ကောင်း ရရှိနေကြတာ မဟုတ်ဘူး၊ အခွင့်ကောင်းမရတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ။

အခွင့်အရေးဆိုတာနဲ့ပတ်သက်ပြီး ပြောရရင် အခွင့်အရေးဆိုတာ အမျိုးမျိုးရှိတယ်၊ ဆိုပါစို့-

တယ်လီဗစ်ရှင်း ကြည့်ချင်တယ်ဆိုရင် အိမ်မှာ တယ်လီဗစ်ရှင်း ရှိပေမယ့် လျှပ်စစ်မီး မရှိဘူး၊ လျှပ်စစ်မီးက မလာဘူးဆိုရင် ကြည့်လို့ ရမလား၊ မရဘူး၊ မီးလာတဲ့အခါမှ ကြည့်လို့ရတယ်၊ အခွင့် အရေးဆိုတာ အမြဲတမ်း ရှိရဲ့လား၊ မရှိဘူး၊ ဟို လျှပ်စစ်မီးနဲ့ ဝေးကွာတဲ့ တောရွာတွေမှာ လျှပ်စစ်မီး မပြောနဲ့ ကြယ်ကလေးတွေ လ,ကလေးတွေရဲ့ အလင်းရောင်နဲ့ နေကြရတယ်။ ကြယ်ရောင် လရောင်လေးတွေကို အားကိုးပြုပြီးတော့ ညအခါ မှာ ခရီးသွားကြရတယ်။

ဟို ယခင်တုန်းက ဧရာဝတီတိုင်းက လူတွေ ဟာ ဒီရေ အတက်အကျကြည့်ပြီးတော့ ချောင်းတွေ မြောင်းတွေမှာ ခရီးသွားကြရတယ်နော်၊ ရေတက် ချိန်ကလေးကိုကြည့်ပြီး လှေလောင်းတွေနဲ့ ခရီး သွားရတယ်၊ ချောင်းကြို ချောင်းကြားလေးမှာ

ရေကျသွားပြီဆိုရင် သွားလို့ရသေးရဲ့လား၊ မရဘူး။ အခွင့်အရေးဆိုတာ အမြဲတမ်းရှိမနေဘူးလို့မှတ်ပါ။

လူ့ဘဝရနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း အခွင့်ကောင်း အမြဲတမ်း ကြုံတာမဟုတ်ဘူးတဲ့၊ အခွင့်အရေးကြုံတဲ့ အခိုက်ကလေးမှာ အခွင့်သာခိုက်ကလေးမှာ ရသင့် ရထိုက်တာတွေကို ရအောင်ယူလိုက်မှ အခွင့်အရေး ရနိုင်တယ်။ အခွင့်အရေးဆိုတာ နောက်တစ်ခါ ပြန်လာချင်မှလာတယ်။

အခွင့်ကောင်းကို **opportunity** လို့ခေါ်တယ်၊ **opportunity** ဆိုတဲ့ အခွင့်ကောင်းဟာ ရံဖန်ရံခါမှသာ ရောက်လာတတ်တယ်၊ တစ်ခါရောက်လာပြီးရင်လည်း နောက်ထပ် ရောက်ချင်မှ ရောက်လာတယ်၊ ရောက်လာတဲ့ အချိန်လေးမှာ လုပ်ရင်လုပ်လိုက်၊ မလုပ်လိုက်ဘူးဆိုရင် သွားရော။ ထို့အတူပဲ သံသရာကြီးထဲမှာလည်း သတ္တဝါရယ်လို့

ဖြစ်လာပြီးတော့ အခွင့်ကောင်းလေးတွေလက်လွှတ်ဆုံးရှုံးပြီး ဘယ်လိုမှ အခွင့်မရတဲ့ ပုဂ္ဂိုလ်မျိုးတွေဟာ **"ရှစ်ယောက်"** တောင် ရှိတယ်။

ကဲ ဆိုပါစို့၊ အခုလို ကြည့်စရာ ရှုစရာတွေ ပေါ်များနေတဲ့ အချိန်လေးမှာ မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်တွေဟာ ထို ကြည့်စရာ ရှုစရာ လေးတွေကို ကြည့်လို့ရရဲ့လား။ ကြံကြံဖန်ဖန် လူရွှင်တော်တွေက ပြောတာ ရှိသေးတယ်နော်၊ မင်းတုန်းမင်းကြီးတဲ့ ပဉ္စမသံဂါယနာတင် သွားပေမယ့်လို့ ဖာလူဒါတော့ သောက်မသွားရဘူးလို့ ပြောတယ်၊ ဘာဖြစ်လို့တုန်းဆို မင်းတုန်းမင်းလက်ထက်က ဖာလူဒါမှ မရှိတာနော်၊ အဲလို ကြံကြံဖန်ဖန် ပြောတဲ့လူက ရှိသေးတယ်၊ ကဲ တယ်လီဗစ်ရှင်းရော ကြည့်သွားရရဲ့လား၊ အဲဒီတုန်းကမှ မရှိသေးတာ၊ ဟုတ်ရဲ့လား။

အဲဒီတော့ အခွင့်အရေးဆိုတာ အမြဲတမ်းရှိနေတာ မဟုတ်ဘူး၊ သူ့ခေတ်နဲ့ သူ့အခါ ဒီလိုပေါ်လာတာမျိုး ဖြစ်တယ်၊ မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်က လောကမှာ ကြည့်စရာ မြင်စရာတွေဘယ်လောက်ပေါပေါ၊ သူ့မှာ အခွင့်အရေးကဘယ်လိုမှ မလာတော့ဘူး၊ အေး ဒီကနေ့ခေတ်မှာနားထောင်ချင်စရာ အသံမျိုးစုံ၊ **music** တွေကလည်း ပေါမှပေါ၊ ငြိမ့်ညောင်းသာယာတဲ့ သီချင်းတွေက စပြီးတော့ **pop music** တွေအထိ၊ ဒီကနေ့မှာ နားကောင်းတဲ့လူတွေ နားထောင်ခွင့်ရသော်လည်း နားလေးနေတဲ့ပုဂ္ဂိုလ်၊ နားမကြားရတဲ့ပုဂ္ဂိုလ်အဖို့ ထိုသီချင်းသံကို နားထောင်နိုင်ခွင့် ရရဲ့လား၊ မရဘူးနော်။

## အခွင့်အရေးဆုံးရှုံးသူများ

ဒီနေရာမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ပုဂ္ဂိုလ်ရှစ်ယောက်ဟာ "**သံသရာဝဋ်က ကျွတ်လွတ်ရေးအတွက် မြတ်သောအကျင့်ကျင့်ဖို့ အခွင့်အရေး ဆုံးရှုံးနေကြတယ်**" တဲ့၊ တစ်ယောက်သော ပုဂ္ဂိုလ်သာလျှင် အဲဒီအခွင့်အရေးကို ရတယ်။ ကဲ ဘယ်ပုဂ္ဂိုလ်တွေဟာ အခွင့်အရေး ဆုံးရှုံးနေတုန်းဆိုတာ ကြည့်ကြရအောင်၊

လောကမှာ မြတ်စွာဘုရား ပွင့်တော်မူလာတယ်၊ မှန်ကန်တဲ့ တရားဓမ္မတွေကို ဟောပြောတော်မူတယ်၊ အဲဒီလို ဘုရားပွင့်ပြီး တရားဟောနေတဲ့အချိန်၊ ဒီကနေ့ကမ္ဘာ ဂေါတမဗုဒ္ဓရဲ့ လက်ထက်တော်အခါနဲ့ ပြောမယ်ဆိုရင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၀-ကျော်က ဗုဒ္ဓမြတ်စွာ ပေါ်ထွန်း

ခဲ့တယ်။ ပေါ်ထွန်းခဲ့ပြီးတော့ ကဿပတန မိဂဒါဝုန် တောမှာ ဓမ္မစကြာတရား ဟောခဲ့တယ်၊ အဲဒီ ဓမ္မစကြာတရားကို လူသားအနေနဲ့ နာခွင့်ရလိုက် တာ ဘယ်နှစ်ယောက်ရှိသလဲ၊ ပဉ္စဝဂ္ဂီ ငါးဦးပဲရှိတယ်၊ လူတွေအများကြီးထဲက ဓမ္မစကြာတရား နာခွင့် ရလိုက်တာ လူငါးဦးပဲရှိတယ်၊ နတ်ဗြဟ္မာတွေကသာ များတာကိုး၊ လူသားအနေနဲ့ ငါးဦးထဲပဲ နာခွင့်ရခဲ့ကြ တယ်၊ အဲဒီလို မြတ်စွာဘုရားသခင် ကိုယ်တော် မြတ် လောကမှာပွင့်ပြီး တရားဟောတော်မူတဲ့အခါ သတ္တဝါတိုင်း တရားနာခွင့်ရကြရဲ့လား၊ မရကြဘူး။ တရားနာခွင့်မရဘဲ အခွင့်အရေး လုံးဝဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေလဲ လို့ဆိုရင် -တစ် ငရဲကျနေသူဟာ အခွင့်အရေး လုံးဝဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ။

## ၁ - ငရဲကျနေသူ

ဘုရားပွင့်ပြီး တရားဟောနေတဲ့ အချိန်ကာလတွေမှာ ကံမကောင်း အကြောင်းမလှလို့ ငရဲဘုံရောက်ပြီး ဒုက္ခခံနေရတဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား၊ ဘုရားပွင့်တဲ့အချိန် ငရဲကျနေတဲ့ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားဟောတဲ့ တရားကို နာယူပြီး မြတ်သောအကျင့်ကျင့်ပြီး နိဗ္ဗာန်ရဖို့ဆိုတဲ့ အခွင့်အလမ်းတွေ သူ့မှာရှိရဲ့လား၊ မရှိဘူး၊ အဲဒီ ငရဲကျနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ လုံးဝ အခွင့်အရေးဆုံးရှုံးနေသူဖြစ်တယ်။

ငရဲဘုံဆိုတာကို ပါဠိလို **နိရယ** လို့ ခေါ်တယ်၊ ' **နိ်ရ** ' ဆိုတာက မရှိဘူး၊ '**အယ**' က ချမ်းသာသုခ၊ ချမ်းသာသုခ တစ်စက်ကလေးမှမရှိတဲ့ ဘုံဘဝကို "**နိရယ**" လို့ခေါ်တာပါ။ ငရဲဘုံ ရောက်နေတဲ့ ပုဂ္ဂိုလ်

ဟာ သူ့မှာလည်း မျက်စိနှစ်လုံးပါတာပဲ၊ သူ့မျက်စိနှစ်လုံးက မြင်ရတဲ့ အရာမှန်သမျှ ကြောက်မက်ဖွယ်ရာနဲ့ အနိဋ္ဌာရုံတွေချည်းပဲ မြင်တယ်၊ အကောင်းမြင်ရတယ်လို့ မရှိဘူးတဲ့။

ဘုန်းကြီးတို့ လူသားတွေရဲ့ မျက်စိက ကောင်းတာလည်းမြင်ရတယ်၊ မကောင်းတာလည်း မြင်ရတယ်၊ လှတာလည်း မြင်ရတယ်၊ မလှတာလည်း မြင်ရတယ်၊ နှစ်သက်စရာတွေလည်း မြင်ရတယ်၊ မနှစ်သက်စရာတွေလည်း မြင်ရတယ်၊ ဟိုငရဲဘုံကျတော့ မြင်သမျှ မြင်ကွင်းဟာ အကောင်းတစ်ခုမှ မရှိဘူးတဲ့၊ မြင်ရတဲ့ အရာတွေမှန်သမျှ ကြောက်စရာတွေ၊ တုန်လှုပ်စရာတွေ၊ စိတ်ထိခိုက်စရာတွေ၊ ဆင်းရဲစရာတွေချည်းပဲ မြင်ရတယ်။

နားက ကြားလိုက်ရလို့ရှိရင်လည်း ချိုသာတဲ့အသံ၊ စိတ်ချမ်းသာတဲ့အသံ တစ်သံမှ မကြားရဘူး၊

အင်မတန်မှ ဆင်းရဲစရာကောင်းတဲ့ အသံမျိုးတွေပဲ ကြားရတယ်တဲ့၊ နှာခေါင်းက အနံ့ရလိုက်တာလည်း မွှေးကြိုင်တဲ့ အနံ့ဆိုတာ ဝေလာဝေး၊ နှာခေါင်း ပိတ်ထားရမယ့် အနံ့မျိုးတွေချည်းပဲ သူတို့ရတယ်တဲ့၊ လျှာက လျှက်ရတဲ့ အရသာလည်း ကောင်းတဲ့ အရသာ တစ်ခုမှမရှိဘူး၊ ခန္ဓာကိုယ်က ထိတွေ့ရတဲ့ အရသာလည်း တစ်ခုမှ ချမ်းသာတာ မရှိဘူးတဲ့၊

ငြော် ငရဲဘုံဆိုတာ မျက်စိက မြင်ရတာ၊ နားက ကြားရတာ၊ နှာခေါင်းက နမ်းရှုရတာ၊ လျှာက လျှက်ရတာ၊ ခန္ဓာကိုယ်က ထိရတာ၊ ဘယ်အရာမှ ကျေနပ်စရာ နှစ်သက်စရာ မရှိဘူး၊ အဲဒီလိုဘုံဘဝမျိုး ရောက်နေတဲ့ပုဂ္ဂိုလ်ဟာ တရားနာနိုင်ပါ့မလား၊ မနာနိုင်ဘူးတဲ့၊ တရားမနာနိုင်ရုံတွင်မကဘူး၊ တရားရဲ့အရသာ ခံစားနိုင်ဖို့ဆိုတာလည်း သူ့မှာ မရှိဘူး၊ ဘုရားပွင့်နေတဲ့ အချိန်လေးမှာ မြတ်စွာ

ဘုရား ဟောတဲ့တရား အင်မတန်မှ ကြုံတောင့်ကြုံခဲတဲ့တရားကို နာခွင့်မရသည့်အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်ဟာ အခွင့်အရေး ဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။

## ၂ - တိရစ္ဆာန် ဖြစ်နေသူ

ထို့အတူပဲ နောက်တစ်ဦးကြည့်- တိရစ္ဆာန်ဖြစ်နေသူတဲ့။ ငရဲလောက်တော့ မဆင်းရဲဘူး၊ သို့သော် ဆင်းရဲတယ်၊ ဘုရားပွင့်ပြီးတော့ တရားဟောနေတဲ့အချိန် တိရစ္ဆာန်ဘုံ ရောက်နေတယ်၊ နွားဖြစ်နေတယ်၊ ခွေးဖြစ်နေတယ်၊ ကြက်ဖြစ်နေတယ်၊ ဝက်ဖြစ်နေတယ်ပေါ့။ တိရစ္ဆာန်ဘုံဆိုတာ ငရဲလောက်တော့ မဆင်းရဲဘူး၊ သို့သော် ဆင်းရဲတယ်၊ တိရစ္ဆာန်ဘဝဟာ အင်မတန်မှ ဒုက္ခရောက်

တယ်။ လူတွေ အနိုင်ကျင့်တာ ခံနေရတာဟာ တိရစ္ဆာန်တွေပဲ၊ လူတွေက တိရစ္ဆာန်တွေကို အနိုင်ကျင့်ပြီး သတ်ဖြတ်စားသောက်ကြတယ်။

ဘုန်းကြီးတို့ ဒီကနေ့ တရားဟောလာရင်း တောင်မှ ကားလမ်းဘေးက ရွာလေးတွေမှာ ကြက်ကလေးတွေ မွေးထားတာ မြင်တော့ စိတ်ထဲမှာ တွေးမိသေးတယ်၊ ဪ ဒီကြက်ကလေးတွေ အခု ငယ်သေးတယ်၊ ကြီးတဲ့အချိန်မှာ ဟင်းအိုးထဲ ရောက်မယ့် အကောင်တွေချည်းပဲလို့ တွေးမိတယ်။

လမ်းမှာ တွေ့ခဲ့သေးတယ်၊ ကြက်တွေကို ခြေထောက်တွေမှာ ပူးချည်ထားပြီး မော်တော်ဆိုင်ကယ်နောက်က ဆွဲသွားတာ၊ အရှင်လတ်လတ် ကြက်တွေနော်၊ ဘယ်သူကမှ သူတို့ကို ကယ်တုန်း၊ ဘယ်သူမှ မကယ်ဘူး၊ လူတွေ ဘယ်လောက် ရက်စက်တယ်ဆိုတာကြည့်၊ သူတို့လည်း သူတို့

ဘဝမှာ အင်မတန်ပျော်ရွှာကြတာ၊ ထိုပျော်နေတဲ့ ဘဝကလေးမှာ ကြာကြာမနေကြရဘူး။ လူတွေက နှိပ်စက်ညှဉ်းပန်းပြီး သတ်ဖြတ် စားသောက်ကြတယ်။

ကြက်တွေ ဝက်တွေ ခြေထောက်နှစ်ချောင်းကြိုးနဲ့ပူးပြီး ချည်ထားရုံမကဘူး၊ ဇောက်ထိုး ဆွဲထားသေးတယ်၊ တစ်ချို့များ ကြက်တွေ ခြင်းထဲထည့်ပြီး အရှင်လတ်လတ် ကားပေါ်က ပစ်ချတာတွေတောင် တွေ့ဖူးတယ်၊ ဩော် တိရစ္ဆာန်ဘဝဟာ ဘယ်သူမှ ကယ်တင်မယ့်သူ မရှိဘူး၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က တိရစ္ဆာန်တွေရဲ့ ဒုက္ခကို **"အညမညခါဒိကာ ဒုဗ္ဗလခါဒိကာ"** တဲ့၊ တိရစ္ဆာန်တွေဆိုတာ ကြီးနိုင်ငယ်ညှင်း အချင်းချင်းသတ်ပြီးတော့ စားနေကြတာတဲ့။

ဖား-ဖားချင်းစား၊ ငါး-ငါးချင်းစား ဆိုတာလို၊ အကောင်ကြီးရင် အကောင်ငယ်ကို စားပစ်တာပဲ၊ တိရစ္ဆာန်တွေဟာ အချင်းချင်း စားကြတယ်တဲ့၊ အားရှိတဲ့အကောင်က အားနည်းတဲ့အကောင်ကို စားပစ်တယ်၊ အတော်ကြောက်စရာကောင်းတဲ့ဘုံ။

တယ်လီဗီးရှင်းမှာ ကြည့်ဖူးကြပါလိမ့်မယ်၊ **discovery channel** ဆိုတာ အာဖရိကတောရိုင်းမှာရှိတဲ့ တိရစ္ဆာန်တွေအကြောင်း ရိုက်ပြထားတာ ရှိတယ်။ သံဝေဂယူစရာ တစ်ခါတစ်ရံ ကြည့်ရတယ်၊ ဗဟုသုတတော့ဖြစ်တယ်၊ ဘုန်းကြီးတို့ အမေရိကနေတုန်းက **discovery channel** က **safari** ဆိုတဲ့ အခန်းကို ကြည့်တယ်၊ အာဖရိကတိုက် တောရိုင်းထဲက တိရစ္ဆာန်တွေရဲ့ သဘာဝကို ရိုက်ကူးထားတာ၊ အဲဒီ ရိုက်ကူးထားတဲ့ အထဲမှာ ဒိုး-သမင်လေးတွေ အစာစားနေကြတာ၊ တော်ကြာ

ကျားကလိုက်ဖမ်း၊ ပြေးလိုက်ရှာကြတာ၊ နောက်ဆုံး မိတဲ့အကောင် အစားခံလိုက်ရတာပဲ။

ကျွဲရိုင်းတွေ အုပ်လိုက်ကြီးနေကြ၊ တော်ကြာ ခြင်္သေ့ကလာ၊ ဝိုင်းလိုက်၊ ပြေးလိုက်ကြတာ အကုန် လုံး၊ ကွဲပြီးတော့ ကျန်ရစ်တဲ့အကောင် သတ်စား ခံရတာ၊ ဒီအကောင်တွေက မောလို့ ရေငတ်လို့ ရေထဲဆင်းတဲ့အခါကျတော့ ရေထဲမှာ မိကျောင်း တွေက စောင့်နေကြတယ်၊ ရေလေးသောက်နေ တုန်းရှိတယ်၊ အမြီးနဲ့ရိုက်ပြီး ဝိုင်းကိုက်စားကြ ပြန်ရော၊ သွေးရဲရဲ သံရဲရဲနဲ့၊ အတော်သနားစရာ ကောင်းတဲ့ ဘဝတွေပဲနော်၊ ဘယ်တော့မှလည်း လွတ်လမ်းမရှိကြဘူး၊ သူ့ခမျာမျာ ခြင်္သေ့ ကျား ပါးစပ်ထဲမှာ မျက်လုံးကလေးပြူးလျက် အသက် ပျောက်သွားရှာကြတယ်။ တ စ်ခါတုန်းက ကြည့် လိုက်ရတယ်၊ ကျွဲကြီးတစ်ကောင်ကို ခြင်္သေ့တွေက

ဝိုင်းကိုက်စားနေကြတယ်၊ နောက်ကဖွဲ့စား၊ ရှေ့က ကျွဲကြီးက အော်တုန်းပဲရှိသေးတယ်၊ နောက်ပိုင်းက ပေါင်တွေ အကုန်ပဲ့ကုန်ပြီ မရှိတော့ဘူး၊ တိရစ္ဆာန် ဘဝဆိုတာ အင်မတန်မှ သနားစရာကောင်းတယ်၊

မြတ်စွာဘုရားက တိရစ္ဆာန်လောကဟာ ငရဲ ပြီးရင်တော့ အဆိုးဆုံးပဲတဲ့၊ အင်မတန် ဆိုးတဲ့ဘဝ၊ လူတွေက ထင်ကောင်းထင်ကြမယ်၊ အိမ်မွေးထား တဲ့ ကြောင်ကလေးတွေ, ခွေးကလေးတွေကို ကြည့်ပြီးတော့ သူတို့မှာ ဘာအလုပ်အကိုင်မှမရှိဘူး၊ ချမ်းချမ်းသာသာ စားနေကြရတယ်၊ အနည်းစု ကလေးကိုကြည့်ပြီး ထင်ကောင်းထင်မယ်၊ တစ်ချို့ မွေးထားတဲ့ ခွေးတွေများ ချမ်းချမ်းသာသာ ကျကျ နန နေကြရတယ်၊ မွေးတာမှ စပါယ်ရှယ် မွေးထား တာ။ စပါယ်ရှယ်ခွေးစာ ကျွေးရတယ်၊ ဟိုဟိုဒီဒီ သွားတဲ့အခါလည်း ကားကြီးစီးပြီး သွားရတယ်၊

အိပ်တဲ့အခါမှာလည်း လူ့အိပ်ယာမှာလိုပဲ အိပ်ရတယ်၊ ဒါ ကံကောင်းတဲ့ တိရစ္ဆာန်တစ်ချို့ပါ၊ ချမ်းသာတဲ့လူက မွေးထားတဲ့ ခွေးတစ်ချို့ကျတော့ ကံကောင်းတာမျိုး ရှိတော့ရှိတယ်။

သို့သော် တိရစ္ဆာန်ဘဝဆိုတာ ဘယ်လိုပဲ တရားဟောဟော၊ နားလည်နိုင်တဲ့စွမ်းရည်သတ္တိ သူတို့မှာ ရှိရဲ့လား၊ အသိဉာဏ်က မရှိဘူး၊ သူတို့အတွေးထဲမှာ ဘာပဲရှိတုန်းဆိုရင်၊ ဘာစားရမတုန်း၊ ဘယ်နေရာ အိပ်ရမတုန်း၊ ဒါပဲ၊ စားဖို့အိပ်ဖို့နဲ့ ကာမကိစ္စ၊ ဒါပဲရှိတယ်၊ ဆန့်ကျင်ဖက် အကောင်လာရင် ကိုက်ဖို့၊ ရန်ဖြစ်ဖို့ ဒါလောက်ပဲ သူတို့မှာ စဉ်းစားတာ၊ ဒီပြင် ဘာတစ်ခုမှ မရှိဘူး၊ ကောင်းတဲ့ ကုသိုလ်ဖြစ်ဖို့ဆိုတာ အခွင့်အရေးရှိရဲ့လား၊ မရှိဘူး၊ ဒါကြောင့်မို့လို့ တိရစ္ဆာန်ဘဝရောက်နေတဲ့ အချိန်မှာ ဘုရားပွင့် တရားဟောနေသော်လည်း ဒီပုဂ္ဂိုလ်

ဟာလည်း အခွင့်အရေး ဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ် တစ်ယောက်ပဲတဲ့။

## ၃ - ပြိတ္တာဖြစ်နေသူ

ဟော နောက်တစ်ယောက်က ငရဲကျနေတာ လည်း မဟုတ်ဘူး၊ တိရစ္ဆာန်ဖြစ်နေတာလည်း မဟုတ်ဘူး၊ ဘယ်ရောက်နေတုန်းဆိုရင် ဆင်းရဲ ဒုက္ခတွေ အမျိုးမျိုးခံနေရတဲ့ ပြိတ္တာဘဝ ရောက်နေ တာ။ အဲဒီပြိတ္တာဘဝဆိုတာ စားစရာမရှိလို့ မစား ရတာများတယ်။ အမြဲတမ်း ဆာလောင်နေတာပဲ၊ ဘယ်တော့မှ ဗိုက်ပြည့်အောင် မစားရဘူး၊ နေစရာ ကလည်း မရှိဘူး၊ ဟိုခြုံဖုတ်၊ ဟိုသစ်ပင် ကပ်ပြီးတော့ နေကြရတယ်။ လူတွေကတော့ တစ္ဆေသရဲလို့ ခေါ်မှာပေါ့နော်၊ ဟိုသစ်ပင် ဟိုခြုံကြား ဒီလိုကပ်ပြီး

တော့နေရတယ်၊ လူတကာ စွန့်ပစ်လိုက်တဲ့ မစင်အညစ်အကြေး နှပ်တံတွေး ဒါတွေကို လိုက်ရှာပြီး စားကြတယ်၊ ပြိတ္တာဘဝ အင်မတန်မှဆင်းရဲတယ်၊ အမြဲတမ်း ဆာနေတာ။

ကာလကဥ္စကာဆိုတဲ့ ပြိတ္တာကြီး တစ်ကောင်အကြောင်း အဋ္ဌကထာမှာ ပါတယ်၊ ဗုဒ္ဓမြတ်စွာလက်ထက်တော် အခါကာလတုန်းက ဂင်္ဂါမြစ်ကမ်းခြေမှာ တောင်ပြေးလိုက်၊ မြောက်ပြေးလိုက်နဲ့ ကမ်းခြေတလျှောက်မှာ ပြေးလွှားနေတဲ့ ပြိတ္တာကြီးတစ်ကောင်ကို ဆွမ်းခံကြွတဲ့ကိုယ်တော်တွေက တွေ့သတဲ့၊ တွေ့တဲ့အခါကျတော့ အဲဒီပြိတ္တာကြီးကို ဘာဖြစ်လို့ ပြေးလွှားနေတာလဲ ဘာလိုချင်လို့လဲလို့ မေးတဲ့အခါ ရေသောက်ချင်လို့တဲ့၊ ရေငတ်လွန်းလို့တဲ့၊ ရေငတ်တယ်ဆိုတာ သာမန်ငတ်တာ မဟုတ်

ဘူး၊ တစ်ကိုယ်လုံး ပူလောင်ပြီးတော့ မသောက်ရ မနေနိုင်လောက်အောင် ဖြစ်နေတာနော်။

အဲဒီတော့ ရဟန်းတွေက ပြောကြသတဲ့၊ "မင်းဟာ မြစ်ကမ်းခြေမှာ မင်းပြေးနေတာပဲ မဟုတ်လား၊ မြစ်ရေတွေ မမြင်ဘူးလား၊ အဲဒီမှာ သောက်ပါတော့လား" လို့ဆိုတော့ "အရှင်ဘုရား၊ တပည့်တော် ရေမမြင်ရဘူးဘုရား" တဲ့၊ ကဲ ဘယ်လောက် သနားစရာကောင်းလဲ၊ တပည့်တော် ရေမမြင်ရဘူး ဘုရားတဲ့၊ ရေသောက်ချင်လွန်းလို့ တပည့်တော် ရေရှာနေတာပါတဲ့၊ ရေသံတွေတော့ ကြားနေတယ်တဲ့၊ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် သူ့မှာ ရေမဟုတ်တော့ဘူး၊ သူရောက်သွားရင် ရေ မဟုတ်တော့ဘူး၊ အဲဒါနဲ့ ရဟန်းတွေက သနားလို့ "ကဲ ဒီလိုဆိုလို့ရှိရင် မင်း ဒီအနားမှာ ပက်လက်လှန်အိပ်၊ တို့ သပိတ်တွေနဲ့ခပ်ပြီး မင်းပါးစပ်ထဲ ရေလောင်း

ထည့်ပေးကြမယ်" ဆိုပြီး သပိတ်တွေနဲ့ ဂင်္ဂါမြစ်ထဲက ရေတွေခပ်ပြီး သူ့ပါးစပ်ထဲ လောင်းထည့်ပေးကြသတဲ့။

အဲဒီလို လောင်းထဲ့ပေးတာ တစ်ပါးတည်းမဟုတ်ဘူး၊ အပါးသုံးဆယ်လောက် လောင်းထည့်လိုက်တာ၊ တစ်နာရီလောက်ထိအောင် လောင်းကြတာ၊ ရေသောက်ရပြီလားဆိုတော့ မသောက်ရသေးဘူးတဲ့၊ ရဟန်းတွေက "ကဲ ဒို့လည်း ဆွမ်းခံချိန်နီးပြီတဲ့၊ ဒို့ ရေတွေ လောင်းထဲ့လိုက်တာ မင်းတစ်ကိုယ်လုံးကို ရွှဲရွှဲစိုနေပြီ၊ ရေမသောက်ရသေးဘူးလား" ဆိုတော့ "အရှင်ဘုရားတို့ လောင်းထည့်တဲ့ရေ တပည့်တော် လည်ချောင်းထဲ ရောက်လျက်နဲ့ မရောက်ဘူးပြောရင် တပည့်တော် ဒီဘဝက မလွတ်ပါစေနဲ့ဘုရား" တဲ့၊ ရေတစ်စက်မှ လည်ချောင်းထဲ မရောက်ဘူးတဲ့။

ကဲ သူ့ဘဝဟာ ဘယ်လောက်ဆင်းရဲတဲ့ ဘဝ တုန်း၊ အဲဒီဘဝမျိုး ရောက်နေလို့ရှိရင် အခုလို တရားဓမ္မ နာပြီးတော့ ကျွတ်တန်းဝင်နိုင်ပါ့မလား၊ မဝင်နိုင်ဘူး၊ သံသရာလည်နေတဲ့ အချိန်မှာ ငရဲ လည်း ရောက်သွားနိုင်တာပဲ၊ တိရစ္ဆာန်လည်း ဖြစ်နိုင်တာပဲ၊ ပြိတ္တာဘဝလည်း ရောက်နိုင်တာပဲ၊ အဲဒီလို ရောက်သွားပြီ ဆိုလို့ရှိရင်၊ ဒီပုဂ္ဂိုလ်ဟာ အခွင့်ကောင်းတွေ လက်လွတ်ဆုံးရှုံးသွားတဲ့ ပုဂ္ဂိုလ် ပဲ။ အင်မတန်မှ ကြောက်စရာကောင်းတယ်။

ရှင်မဟာမောဂ္ဂလာန်နဲ့ ရှင်လက္ခဏတို့ ဂိဇ္ဈကုဋ် တောင်ပေါ် ကျောင်းကနေပြီးတော့ မြို့ထဲဆွမ်းခံဖို့ ဆင်းလာကြတယ်၊ ဆင်းလာရင်း ရှင်မဟာ မောဂ္ဂလာန်က ဒီပွစက္ခုနဲ့ ဘာတွေ့တုန်းဆို ဂိဇ္ဈကုဋ် တောင် ကောင်းကင်ယံမှာ အော်ဟစ် ငြီးငြူငိုကြွေး တဲ့ အရိုးစုပြိတ္တာကြီး တွေ့သတဲ့၊ **skeleton** ပေါ့၊

ကြည့်လိုက်ရင် အရိုးစုချည်းပဲ၊ အဲဒီ အရိုးစုပြိတ္တာကြီး က ကောင်းကင်မှာ သွားနေတာ၊ ငှင်းတတွေ၊ စွန် တွေ၊ ကျီးကန်းတွေက သူ့ကို ဝိုင်းဆိတ်နေကြတာတဲ့၊ ဒီပြင် လူတွေမှာ ပကတိမျက်စိနဲ့မမြင်ရဘူး၊ ရှင်မဟာ မောဂ္ဂလာန်က ဒိဗ္ဗစက္ခုနဲ့မြင်တာ၊ အသံကိုလည်း ဒိဗ္ဗသောတနဲ့ကြားလိုက်တာ၊ အဲဒီအကောင်ကြီးဟာ ဒီလိုပဲ အော်ဟစ်ပြီးတော့ ကောင်းကင်ယံမှာ ပြေးလွှားနေရှာတာတဲ့၊ ကဲ သူ ဘယ်လိုလုပ် တရား နာနိုင်ပါ့မတုန်း။

သူ့အရိုးလေးတွေက မထိလိုက်နဲ့၊ ထိလိုက်ရင် သိပ်နာတာပဲတဲ့၊ သူဟာ ဟိုဘဝက ဘာဖြစ်ခဲ့တုန်း ဆို၊ သူ နွားသတ်သမားဖြစ်ခဲ့တယ်၊ နွားတွေသတ်ပြီး အရိုးကနေ အသားကို ခြစ်မယူဘူးလား၊ ယူတဲ့ အခါကျတော့ သူ့မျက်စိထဲမှာ အဲဒီအရိုးပုံကြီးပဲ မြင်နေတာ၊ နွားသတ်သမားသေတဲ့အခါ ငရဲကျ၊

ငရဲက ပြန်လွတ်တဲ့အခါ အမဲရိုးတွေပဲ မျက်စိထဲမှာ မြင်နေတယ်၊ သေပြီး ငရဲကလွတ်လာတဲ့အခါ ပြိတ္တာလာဖြစ်ပြန်တယ်၊ အဆစ်ဒုက္ခခံရတာနော်၊

အဲဒီလို ပြိတ္တာဘဝ ရောက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘယ်လိုလုပ်ပြီးတော့ တရားနာဖို့ တရားကျင့်ဖို့ အခွင့်အလမ်း ရှိနိုင်ပါ့မတုန်း၊ မရှိနိုင်ဘူးတဲ့၊ ဒါ့ကြောင့်မို့ ဒီပုဂ္ဂိုလ်ဟာလည်း အခွင့်အရေး ဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲတဲ့။

## ၄ - အရှုပနှင့် အသညသတ်

ထို့အတူပဲ မြတ်စွာဘုရားက လောကကြီးမှာ ပွင့်နေပြီး တရားဓမ္မတွေ ဟောနေပြီ၊ ဒီပုဂ္ဂိုလ်က ဘယ်ရောက်နေတုန်းလို့ဆိုတော့ ရုပ်ခန္ဓာကိုယ်ကြီး မပါတဲ့ ပြဟ္မာ့ဘုံ ရောက်နေတယ်၊ အသိစိတ်ပဲ

ရှိတယ်၊ ရုပ်ခန္ဓာကြီးမရှိဘူး၊ သူက သာမန်ပုဂ္ဂိုလ်တော့ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ဘဝတုန်းက သူ စျာန်ရအောင် အားထုတ်ထားတော့ စျာန်ကို ပဥ္စမစျာန်အဆင့်ထိအောင် အဆင့်မြင့် တရားကျင့်ခဲ့တဲ့ ယောဂီပုဂ္ဂိုလ်ကြီး၊ သို့သော်လည်း သူ့ အတွေးအခေါ် လေး လွဲချော်သွားတာရှိတယ်။

ဘာလွဲချော်သွားတုန်းဆိုတော့ " ဒီရုပ်ခန္ဓာကိုယ်ကြီးရှိလို့ ခေါင်းကိုက်တာ, ဗိုက်နာတာတို့ ဆိုတာတွေ ဖြစ်နေတာ၊ အိပ်ရတာ စားရတာတို့ ဆိုတာလည်း ဟောဒီရုပ်ခန္ဓာကိုယ်ကြီးကြောင့်ပဲ၊ ဒုက္ခမှန်သမျှ ဟောဒီ ရုပ်ခန္ဓာကိုယ်ကြီး ရှိနေလို့ ဖြစ်နေတာ၊ စိတ်ကလေးချည့်ဆို ဘယ်လောက်ကောင်းမတုန်း" သူ့အတွေးက အဲဒီလို တွေးတာ၊ အဲဒီလို သွားတွေးပြီးတော့ "နောင်ဘဝ ငါ့မှာ ရုပ်ခန္ဓာကြီး မရပါရစေနဲ့၊ စိတ်ကလေးပဲ ရပါရစေ"

လို့ တောင့်တတယ်။ တောင့်တတဲ့အတိုင်း အရှုပ ဖြဟ္မာ့ဘုံ သွားပြီးဖြစ်တယ်၊ ကမ္ဘာပေါင်း များစွာ ကြာတယ်၊ ဒီပုဂ္ဂိုလ်လည်း အဲဒီဘဝမှာ ချမ်းချမ်း သာသာတော့ နေရပါရဲ့၊ မြတ်စွာဘုရား တရား ဟောတာ နာခွင့်ရရဲ့လား။ မရှိဘူးတဲ့၊ လွဲသွားပြီ၊ တရားတော်မှ မနာရလို့ရှိရင် သံသရာဝဋ်က လွတ်ဖို့ဆိုတာ မရှိဘူး။

မြတ်စွာဘုရား အလောင်းတော်ဘဝက တော ထွက်ပြီး တရားကျင့်တယ်၊ တရားကျင့်တဲ့အခါ ပထမ ဆရာမျိုးစုံထံ နည်းယူပြီးတော့ ကျင့်တာ၊ အဲဒီထဲမှာ **အာဠာရကာလာမ** ဆိုတဲ့ ဆရာကြီးတစ်ဦး လည်း ပါတယ်၊ ဥဒက **ရာမပုတ္တ** ဆိုတဲ့ ဆရာကြီး တစ်ဦးလည်း ပါတယ်၊ **အာဠာရကာလာမ** ဆိုတဲ့ ဆရာကြီးက ဈာန်အဆင့်အားဖြင့် **ရူပါဝစရဈာန်** လေးဆင့်အထိ ပေါက်ရောက်အောင်မြင်တဲ့အပြင်

**အရူပါဝစရဈာန်** မှာ တတိယအဆင့်အထိ ရောက်ထားတဲ့ ပုဂ္ဂိုလ်၊ သူက သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ခုနစ်ဆင့် ပေါက်ထားတဲ့ ပုဂ္ဂိုလ်ကြီး၊ ဘုရားအလောင်းက သူ့ဆီက သင်ပြီးတော့ တရားအားထုတ်လိုက်တာ သူနဲ့တန်းတူ သူ့အဆင့်ကို ရရှိဖူးတယ်။

တစ်ဖန် **ဥဒကရာမပုတ္တ** ဆိုတဲ့ ရသေ့ဆရာကြီးက သူကိုယ်တိုင်ကတော့ ဈာန်ရှစ်ဆင့်ထိ အောင် မပေါက်သေးဘူး၊ သူလည်း ဘုရားအလောင်းနဲ့ တွေ့တဲ့အခါက ခုနစ်ဆင့်ပဲ ရောက်သေးတယ်။ ဒါပေမဲ့လို့ သူက ရှစ်ဆင့်မြောက် **နေဝသညာနာသညာယတန** ဆိုတဲ့ နောက်ဆုံးအဆင့် ဘယ်လိုအားထုတ်ရတယ်ဆိုတဲ့ နည်းစနစ်ကို သူ့ဆရာဆီကရထားလို့ ဘုရားအလောင်းကို သင်ပေးတယ်၊ ဘုရားအလောင်းက အားထုတ်လိုက်

တာ သူ့ဆရာကြီး ပေါက်ရောက်တဲ့ အဆင့်ထိ အောင် ပေါက်သွားလို့ ဘုရားအလောင်းကို သူက ဆရာတင်ထားတယ်၊ နောက်ပိုင်းမှာ သူလည်းပဲ ရှစ်ဆင့်ထိအောင် ပေါက်ပြီးသွားတယ်၊ အဲဒီပုဂ္ဂိုလ် ကြီးနှစ်ဦးဟာ ဘုရားအလောင်းရဲ့ ဆရာကြီးတွေပဲ။

ဘုရားဖြစ်ပြီးတဲ့အခါ ဓမ္မစကြာတရား ဟောခါ နီး ကြည့်လိုက်တော့ **အာဠာရ ကာလာမ** ဆိုတဲ့ ရသေ့ကြီးက တရားမဟောခင် ခုနစ်ရက်လောက် အလိုမှာ သေသွားပြီတဲ့၊ သေသွားပြီး ခုနကပြောတဲ့ ရုပ်မရှိ နာမ်သာရှိတဲ့ အရူပဘုံကို ရောက်နေတယ်၊ အကယ်၍ ရုပ်ရော နာမ်ရော ရှိမယ်ဆိုလို့ရှိရင် ဘုရားက လိုက်ပြီးတော့ တရားဟောမှာ၊ ဘာဖြစ်လို့ တုန်းဆိုရင် သူ့ဆရာ တော်ဖူးတာကိုး၊ ကျေးဇူး ဆပ်ချင်တယ်၊ တစ်ခါ **ဥဒကရာမပုတ္တ** ဆရာကြီး ကြည့်လိုက်တဲ့ အခါကျတော့ ညဥ့်ဦးယံကပဲ

ကွယ်လွန်သွားပြီ၊ သူလည်းပဲ အရူပဗြဟ္မာ့ဘုံမှာ သွားဖြစ်နေတယ်။

သူတို့နှစ်ယောက်ဟာလည်းပဲ မြတ်စွာဘုရားနဲ့ တွေ့လွဲလွဲသွားကြတာ၊ တစ်ဦးက တရားဟောမလို့ ခုနစ်ရက်အလို၊ ကျန်တစ်ဦးက တစ်ရက်အလို လေးမှာ နှစ်ဦးစလုံး သေဆုံးသွားကြပြီ၊ တရား လိုက်ဟောလို့ရတဲ့ ဘဝမျိုး မဟုတ်သည့်အတွက် ကြောင့် ဘယ်လိုမှ သူတို့ဘုရားနဲ့တွေ့ဖို့ အခွင့် အရေးဟာ မရှိတော့ဘူးတဲ့၊ ဘာဖြစ်လို့တုန်း၊ သူတို့ ဘဝသက်တမ်းက အလွန်ရှည်တယ်၊ **အရိမေတ္တေယျ** ဘုရား ပွင့်တောင်မှလည်း သူတို့က ရှိနေကြဦးမှာပဲ၊ မကျွတ်သေးဘူး၊ ဒါပေမယ့် သူတို့ တရားနာခွင့် တော့ ရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့တုန်း၊ နားမှ မပါတာကိုး၊ ကဲ အဲဒီပုဂ္ဂိုလ်ကြီး နှစ်ဦးကြည့်၊

ဘယ်လောက်ဆုံးရှုံးသွားတုန်း၊ အင်မတန်မှ ဆုံးရှုံးနစ်နာတယ်တဲ့။

ထို့အတူပဲ တစ်ချို့ပုဂ္ဂိုလ်က ဈာန်တရားအားထုတ်ရင်း မမှန်ကန်တဲ့ အတွေးကလေးပေါ်လာတယ်၊ ဘာတွေပေါ်လာတုန်းဆိုရင် စားချင်တာလည်း ဒီစိတ်၊ သွားချင်တာလည်း ဒီစိတ်၊ စိတ်မရှိရင် အေးမှာပဲ၊ ဒီစိတ်က နေရာတကာဆောင်နေတယ်၊ စိတ်က တော်တော်ဆိုးတယ်၊ ဒီစိတ်တွေ မပါရင် ကောင်းမှာပဲ ဆိုပြီးတော့ စိတ်ကို မုန်းတီးပြီးတော့ "နောင်ဘဝ စိတ်မရပါစေနဲ့" လို့ ဆန္ဒပြုတယ်။ စိတ်မပါဖို့ရာ ဆန္ဒပြုပြီး သေဆုံးသွားတဲ့အခါ အဲဒီပုဂ္ဂိုလ်ဟာ **အသညသတ္တ** ဆိုတဲ့ ဗြဟ္မာကြီး သွားဖြစ်တယ်၊ အဲဒီ ဗြဟ္မာကြီးက ဘာနဲ့တူတုန်းဆိုတော့ ရုပ်တုကြီးတွေလိုပေါ့။

ယခုခေတ် လမ်းလယ်ခေါင်မှာထားတဲ့ ရုပ်တုကြီးတွေဟာ စကားပြောတတ်ရဲ့လား၊ နေပူတာလည်း ပူမှန်းမသိဘူး၊ ဘာမှမသိဘူး၊ ရုပ်တုကြီးလိုပဲ၊ အဲဒီပုဂ္ဂိုလ်ဟာ ဒီဘဝက ထိုင်လျက် သေသွားလို့ရှိရင် ဟိုမှာ ကမ္ဘာငါးရာ ထိုင်လျက်ဖြစ်တယ်၊ ဒီဘဝက လဲလျောင်းပြီး သေသွားရင် ဟိုဘဝမှာလည်း လဲလျက်ကြီး ကမ္ဘာငါးရာ၊ ဒီလိုနဲ့ ဘုရားအဆူဆူပွင့်သော်လည်း တရားနာခွင့်မရတော့ဘူးတဲ့၊ ကဲ ဘယ်လောက် အခွင့်အရေး ဆုံးရှုံးတုန်း။

တစ်ချိန်ကျ အဲဒီပုဂ္ဂိုလ်တွေဟာ ပြန်ပြီးတော့ သံသရာလည်ကြဦးမှာ၊ **"ဖြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုတ်ရှုတ်"** ဆိုတဲ့အတိုင်း သံသရာလည်ဦးမှာ၊ ဗြဟ္မာ ဖြစ်တုန်းကတော့ တဝင်းဝင်း နေပေမဲ့လို့ ဗြဟ္မာ့ပြည်က စုတေစိတ်ကျသွားတဲ့ အခါ နောက်ဘဝ တစ်ခုခုမှာ ဝက်ပြန်ဖြစ်တာကို

ပြောတာနော်၊ ဖြဟ္မာဘုံက စုတေပြီး ချက်ခြင်းတော့ ဝက်မဖြစ်ဘူးပေါ့၊ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် သူ ရထားတဲ့ ဈာန်ကုသိုလ်ရဲ့တန်ခိုးက အစွမ်းသတ္တိက အင်မတန်မှကြီးတယ်၊ ဘဝတစ်ခု နှစ်ခုလောက် ခြားပြီးလို့ရှိရင် သူလည်း ဒုဂ္ဂတိဘုံ ရောက်ဦးမှာပဲတဲ့၊ ဘာဖြစ်လို့တုန်း သူ့သန္တာန်မှာ ကိလေသာတွေ ရှိနေတုန်းကိုး၊ အေး အဲဒီပုဂ္ဂိုလ်ဟာလည်းပဲ အခွင့် အရေး ဆုံးရှုံးနေတဲ့ပုဂ္ဂိုလ်ပဲ။

အသညသတ် ဖြဟ္မာ့ပြည်ရောက်နေတဲ့ ပုဂ္ဂိုလ် တွေနဲ့ အရူပ ဖြဟ္မာ့ပြည်ရောက်နေတဲ့ ပုဂ္ဂိုလ် တွေဟာ ဘုရားဘယ်လိုပွင့်သော်လည်း တရားနာဖို့ အခွင့်အရေးတွေ ဆုံးရှုံးသွားပြီတဲ့၊ ဒါ့ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ဟာလည်း အခွင့်အရေးဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ် တစ်ဦးထဲမှာ ပါနေပြန်တယ်။

ကဲ ဘုရားပွင့်ပြီး တရားဟောနေတဲ့အချိန်မှာ ငရဲကျနေတဲ့ပုဂ္ဂိုလ်လည်း အခွင့်အရေး ဆုံးရှုံးတယ်၊ တိရစ္ဆာန် ဖြစ်နေတဲ့ပုဂ္ဂိုလ်လည်း အခွင့်အရေးဆုံးရှုံးတယ်၊ ပြိတ္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်လည်း အခွင့်အရေး ဆုံးရှုံးတယ်၊ သက်တမ်းရှည်ကြာပြီး ရုပ်သာရှိနေတဲ့ ဗြဟ္မာ၊ နာမ်သာရှိတဲ့ဗြဟ္မာ ဖြစ်နေလို့ရှိရင်လည်း အခွင့်အရေး ဆုံးရှုံးတယ်တဲ့၊ ဟော ဒီပုဂ္ဂိုလ် လေးယောက် အခွင့်အရေး ဆုံးရှုံးနေပြီ။

## ၅ - ပစ္စန္တရစ် လူဖြစ်သူ

ကဲ နောက်တစ်ဦးက ဘယ်သူလဲလို့ဆိုရင် မြတ်စွာဘုရားပွင့်လို့ တရားဟောနေတဲ့အချိန် ဘုရား တရားနဲ့မနီး၊ အလွန်ဝေးလံတဲ့ အရပ်၊ သာသနာမထွန်းကားတဲ့ နေရာမှာ လူသွားဖြစ်နေ

တယ်၊ အဲဒီပုဂ္ဂိုလ်မှာရော တရားဟောတာ ကြားနာခွင့် အခြေအနေကောင်း ရပါ့မလား၊ မရဘူးတဲ့၊ အဲဒီ ပုဂ္ဂိုလ်ဟာလည်းပဲ အခွင့်အရေး ဆုံးရှုံးတဲ့ ပုဂ္ဂိုလ်ထဲမှာ ပါတယ်၊ လောကမှာ ဝေးလံဒေသ တောတောင်ထူထပ်တဲ့အရပ်မှာဖြစ်တဲ့ လူရိုင်းဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အချို့ဒေသတွေမှာရှိတယ်။

ဘုန်းကြီးတို့ သီဟိုဠ်မှာနေတုန်းက သီဟိုဠ်ကျွန်းမှာ "ဝဲဒ" ဆိုတဲ့ လူရိုင်းတွေရှိတယ်၊ သီဟိုဠ်ကျွန်းလေးက သေးသေးလေး၊ အရှေ့ အနောက် မိုင် - ၁၅၀ လောက်၊ တောင်နဲ့မြောက် မိုင်-၂၀၀ လောက်သာရှိတဲ့ ကျွန်းကလေး၊ အဲဒီကျွန်းမှာ မူလကျွန်းနေ လူရိုင်းတွေ ကနေ့အထိ ရှိနေတုန်းပဲ၊ အဲဒီ လူရိုင်းတွေက အဝတ်မဝတ်ဘူး၊ တောထဲမှာပဲ နေကြတယ်။ ငယ်ငယ်လေးထဲက အကောင်ဘလောင်တွေကို ပစ်ခတ် စားသောက်ပြီး နေထိုင်

ကြတာ၊ သူတို့ကို အိမ်ဆောက်ပေးရင်လည်း အိမ်မှာ မနေဘူး၊ တောထဲထွက်ပြေးကြတယ်၊ အဝတ်အစား ပေးလည်း မဝတ်ဘူးတဲ့၊ **Aborigine** လို့ခေါ်တဲ့ မူလလူရိုင်းမျိုးတွေဟာ ဒီကနေ့ထိ ရှိနေတုန်းပဲ၊

**Australia** နိုင်ငံမှာလည်း မူလကျွန်းနေ **Aborigine** ဆိုတဲ့ လူရိုင်းတွေရှိတာပဲ၊ တောထဲမှာ တိရစ္ဆာန်တွေနဲ့နေပြီး တိရစ္ဆာန်တွေကိုသတ်ဖြတ်ပြီး စားသောက်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေ ဟာ ဘုရားတရား ဆိုတာကို ဘယ်လိုမှ မသိဘူး၊ တရားဓမ္မနဲ့ပတ်သက်လို့ ဘာမှ စိတ်မဝင်စားဘူး၊ သူတို့ စားဖို့သောက်ဖို့လောက်ပဲ စဉ်းစားတယ်၊ ပျော်ဖို့ပါးဖို့ပဲ စဉ်းစားတယ်။ တောထဲမှာပဲ ဒီလို နေကြတဲ့ လူသားမျိုးနွယ်တွေတဲ့၊ အဲဒီပုဂ္ဂိုလ်တွေဟာ လည်း တရားထူးရရှိဖို့ အခွင့်အရေးတွေ ဆုံးရှုံး နေကြတာပဲ မဟုတ်လား။

## ၆ - မိစ္ဆာဒိဋ္ဌိ ဖြစ်သူ

နောက်တစ်ခု အခွင့်အရေး ဆုံးရှုံးနေသူက မိစ္ဆာဒိဋ္ဌိ ဖြစ်နေသူပဲ၊ ဘုရားပွင့်တယ်၊ ဘုရားပွင့်တဲ့ ဒေသမှာပဲ လူဖြစ်တယ်၊ ဘုရားက တရားဟောနေတယ်၊ ဆိုပါစို့၊ မြတ်စွာဘုရားက သာဝတ္ထိပြည်မှာ သီတင်းသုံးတယ်၊ အဲဒီပုဂ္ဂိုလ်ကလည်း သာဝတ္ထိပြည်မှာပဲ လူဖြစ်တယ်၊ သို့သော် ကံ ကံ၏အကျိုးကို မယုံကြည်တဲ့ပုဂ္ဂိုလ်၊ မိစ္ဆာအယူဝါဒရှိနေတဲ့ပုဂ္ဂိုလ် ဖြစ်နေမယ်။ မက္ခလိဂေါသာလကို ကိုးကွယ်သူ ဖြစ်နေမယ်၊ ပုရာဏကဿပကို ကိုးကွယ်သူ ဖြစ်နေမယ်၊ ရဟန်းဂေါတမ ဟောတဲ့တရားတွေ မမှန်ဘူးလို့ ယူဆသူ ဖြစ်နေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကရော ဘုရားတရား နာပါ့မလား၊ မနာဘူး။

မိစ္ဆာအယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကံနဲ့ ကံရဲ့အကျိုးကို ငြင်းပယ်သူတွေ ဖြစ်ကြတယ်၊ ဒါန ကောင်းမှုလုပ်တာရဲ့ အကျိုးဆိုတာ မရှိဘူးတဲ့၊ ဒီလောကမှာ ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် နောင်လောကဆိုတာ မရှိဘူး၊ နောင်လောကက ပုဂ္ဂိုလ်တွေအတွက် ဒီလောကဆိုတာ မရှိဘူး၊ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးတို့ အပြစ်တို့ဆိုတာ မရှိဘူးလို့ ဆိုတဲ့အယူဝါဒ၊ နတ္ထိကဝါဒ၊ ဒီမိစ္ဆာ အယူဝါဒ ယူနေတဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ အဲဒီ မိစ္ဆာအယူဝါဒရှိတဲ့ ပုဂ္ဂိုလ်မျိုးတွေဟာ ဘုရားပွင့်လို့ တရားဟောသော်လည်း အကျွတ်တရားရဖို့ အခွင့်အလမ်း ရှိရဲ့လား၊ မရှိဘူး၊ အဲဒီ မိစ္ဆာအယူဝါဒရှိတဲ့ ပုဂ္ဂိုလ်လည်းပဲ အခွင့်အရေးဆုံးရှုံးတဲ့ ပုဂ္ဂိုလ်ထဲမှာပါတယ်၊

ဒီ မိစ္ဆာအယူဝါဒကို သူတို့စွန့်လွှတ်လိုက်ရင် ဗုဒ္ဓမြတ်စွာတရားကို နာမယ်ဆိုလို့ရှိရင် သူတို့မှာ

နားထောင်နိုင်ဖို့ နားရှိမယ်၊ အသိဉာဏ်လည်း ရှိမယ် ဆိုရင် ရနိုင်မယ်၊ သို့သော် ယုံကြည်မှု မရှိသည့် အတွက်ကြောင့် ဗုဒ္ဓမြတ်စွာရဲ့ တရားမေ့ကို မနာကြဘူးတဲ့၊ မနာလို့ တရားကိုမသိရသည့်အတွက်ကြောင့် သံသရာဝဋ်က ကျွတ်လွတ်ဖို့ဆိုတာ သူတို့ အခွင့်အရေး မရှိဘူး၊ ဒါ့ကြောင့်မို့လို့ အဲဒီ မိစ္ဆာအယူဝါဒရှိတဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ အခွင့်အရေးဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်တဲ့။

## ၇ - အသိဉာဏ်မရှိသူ

ဟော နောက်တစ်ယောက် ရှိသေးတယ်၊ မြတ်စွာဘုရားက တရားဟောသော်လည်းပဲ သူ နားလည်နိုင်စွမ်းမရှိဘူး၊ အသိပညာမရှိဘူး၊ ခုခေတ် လိုပြောရင်တော့ **IQ** မမြင့်ဘူးလို့ ပြောရမှာပေါ့

နော်၊ အဲဒီပုဂ္ဂိုလ်ရဲ့ IQ မမြင့်တဲ့ပုဂ္ဂိုလ်က ဘာ ပြောပြော နားလည်နိုင်တဲ့ စွမ်းရည်သတ္တိမရှိဘူး၊ အသိဉာဏ်တုံးလာတာ၊ မွေးထဲက နလဘိန်းတုံး ဖြစ်လာတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာလည်း ဘုရားနဲ့ အကြိမ်ကြိမ်တွေ့တွေ့ပြီး တရားနာပေမယ့် တရား ထူး တရားမြတ်ရနိုင်တဲ့ အခွင့်အရေး မရှိဘူးတဲ့။

အားလုံးပေါင်းကြည့်၊ ဘယ်နှစ်ဦးရှိသွားပြီလဲ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ပွင့်၍ တရား ဟောနေတဲ့အချိန်မှာ ငရဲကျနေတဲ့ ပုဂ္ဂိုလ်က တစ်ယောက်၊ တိရစ္ဆာန်ဖြစ်နေတဲ့ ပုဂ္ဂိုလ်က တစ်ယောက်၊ ပြိတ္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်က တစ်ယောက်၊ အသက်ရှည်ပြီး ရုပ်သာရှိတဲ့ပြဟ္မာ၊ နာမ်သာရှိတဲ့ ပြဟ္မာဖြစ်နေတဲ့ ပုဂ္ဂိုလ်က တစ်ယောက်၊ လူရိုင်းမျိုးမှာ ဖြစ်ပြီးတော့ သာသနာ မထွန်းကားတဲ့ အရပ်မှာ ဖြစ်နေတဲ့ ပုဂ္ဂိုလ်က

တစ်ယောက်၊ ဘုရားပွင့်တဲ့နေရာမှာဖြစ်သော်လည်း မိစ္ဆာအယူဝါဒရှိနေတဲ့ ပုဂ္ဂိုလ်က တစ်ယောက်၊ နောက်ပြီး ဘုရားပွင့်တဲ့နေရာမှာ ဖြစ်သော်လည်း အသိဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်က တစ်ယောက်တဲ့၊ အားလုံးဘယ်နှစ်ယောက်ရှိသွားပြီလဲ၊ ခုနစ်ယောက် ရှိပြီ၊ အေး သံသရာကြီးထဲမှာ လောကမှာ လူရယ်လို့ ဖြစ်လာတဲ့အခါမှာ လူတိုင်းလူတိုင်းဟာ အခွင့် ကောင်းတွေကို ရနေကြတာမဟုတ်ဘူးတဲ့။

## ၈ - ဘုရားမပွင့်တဲ့အခါ ဉာဏ်ရှိသူ

နောက်တစ်ယောက်က လူ့ဘဝမှာ လူဖြစ် တယ်၊ အသိဉာဏ်လည်းရှိတယ်၊ သို့သော် ဘုရား မပွင့်ဘူးတဲ့၊ အဲဒီပုဂ္ဂိုလ်လည်း အခွင့်အရေး ဆုံးရှုံး တာပဲ၊ အားလုံး ပေါင်းလိုက်တော့ ဘယ်နှစ်ယောက်

ဖြစ်သွားတုန်း၊ ရှစ်ယောက်၊ အဲဒီ ရှစ်ယောက်ဟာ အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ ပုဂ္ဂိုလ်ရှစ်ယောက် တဲ့။

## တစ်ယောက် ဟူသည်

ကဲ တစ်ယောက်ဆိုတာ ဘယ်သူလဲ၊ ဗုဒ္ဓ မြတ်စွာ ပွင့်တော်မူတဲ့ အချိန်မှာလည်းဖြစ်တယ်၊ တရားဓမ္မတွေ ထွန်းကားနေတဲ့ အချိန်လည်း ဖြစ်တယ်၊ အဲဒီအချိန်မှာ လူလာဖြစ်တယ်၊ အသိဉာဏ်လည်းရှိတယ်၊ ဟော အဲဒီပုဂ္ဂိုလ်ကျတော့ မြတ်သော အကျင့်ကျင့်ဖို့ရာ အခွင့်အလမ်းတွေ အများကြီး ရသွားပြီ။

မြတ်စွာဘုရားပွင့်လို့ ပထမဆုံး ဒီအခွင့်အရေး ကို ရလိုက်သူဟာ အရှင်ကောဏ္ဍည ပေါ့၊ မြတ်စွာ

ဘုရားကိုယ်တော်မြတ်က ဓမ္မစကြာတရားဟောတဲ့ အခါမှာ တရားနာခွင့်ရတာ ဟောဒီ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိ ဆိုတဲ့ ငါးဦးနော်။ ဒီငါးဦးဟာ ဘုရားအလောင်းတော် တောထွက်လာတဲ့အချိန်မှာ နောက်ကနေ လိုက်လာကြတဲ့ ပုဂ္ဂိုလ်ငါးဦးနော်၊ သူတို့က ဗုဒ္ဓဂယာမှာ ဘုရားအလောင်း တရားကျင့်နေတဲ့အချိန် အနီးအပါးက နေပြီး အားပေးစကားပြောပြီး ဝတ်ကြီး ဝတ်ငယ် ပြုပြီး နေကြတာ။

ဘုရားအလောင်းတော်ဟာ ဒုက္ကရစရိယာ လို့ခေါ်တဲ့ တပအကျင့်တွေ၊ အစာဖြတ် ရေဖြတ်တဲ့အကျင့်တွေ ကျင့်တယ်။ နောက်တော့ အဲဒီ အကျင့်တွေဟာ အသိဉာဏ်ကို ရစေနိုင်တဲ့ အကျင့်တွေ မဟုတ်ဘူးလို့ စဉ်းစားဆင်ခြင်ပြီး ထိုအကျင့်တွေကို စွန့်ပယ်လိုက်တယ်၊ စွန့်ပယ်လိုက်တဲ့

အချိန်ကနေစပြီးတော့ ကောဏ္ဍည ဦးဆောင်တဲ့ ရသေ့ငါးဦးက အထင်အမြင် လွဲသွားတယ်၊ ဗြော်ရဟန်းဂေါတမဟာ တရားအကျင့်ကို စွန့်လွှတ်လိုက်ပြီ၊ ဆက်ပြီး တရားမကျင့်တော့ဘူး၊ တရားထူး တရားမြတ်လည်း ရမှာမဟုတ်တော့ဘူးဆိုပြီး ဘုရားအလောင်း အနီးမှာ မနေကြတော့ဘဲ ဂယာကနေ ဗာရာဏသီပြည်ဘက်ကို ထွက်သွားကြတယ်။

အဲဒီလို သူတို့ စွန့်ခွာသွားတဲ့နောက်မှာ ဘုရားအလောင်းတော်ဟာ ခန္ဓာကိုယ်ကို မျှမျှတတ ဖြစ်အောင် အစာရေစာများ ပြန်လည်ဘုဉ်းပေးသုံးဆောင်လို့ ခန္ဓာကိုယ် မျှတတဲ့အခါမှာ မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်လမ်းကျင့်စဉ်ကို ကျင့်တယ်၊ အာနာပါနကို အခြေခံတဲ့ကျင့်စဉ်ကို ကျင့်တာနော်၊ အဲဒီ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်တဲ့အခါ

ပထမဈာန်ရတယ်၊ ဒုတိယဈာန်ရတယ်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အဲဒီကနေ ဈာန်အဆင့်ဆင့်တက်သွားပြီး နောက်ဆုံးမှာ အဘိဉာဏ်တွေရလို့ ထို သမထ ကျင့်စဉ်ကနေပြီးတော့ ဝိပဿနာလမ်းကြောင်းကို ပြောင်းလိုက်တဲ့အခါမှာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ မဂ်လေးပါး ဖိုလ်လေးပါး အဆင့်ဆင့် တစ်ခုပြီးတစ်ခု ရသွားပြီး နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ် ရပြီးတော့ ဘုရားအဖြစ်ကို ရောက်သွားတယ်၊ အဲဒီကမ္မဋ္ဌာန်းနဲ့ပဲ ဘုရားအလောင်းတော်ဟာ ဘုရားအဖြစ်သို့ ရောက်သွားတယ်။

ဘုရားအဖြစ်သို့ ရောက်ပြီးတော့ တရားဟောရမယ့်ပုဂ္ဂိုလ်တွေ ကြည့်လိုက်တဲ့အခါ ဘယ်သူအသိဉာဏ်ရှိသလဲ၊ ငါဟောတဲ့တရား ဘယ်သူ

နားလည်နိုင်မလဲ ကြည့်လိုက်တော့ နောက်ဆုံးမှာ ပဥ္စဝဂ္ဂီငါးဦးဟာ ငါ့ကို ပြုစုခဲ့တဲ့ကျေးဇူးတရားတွေ ရှိတယ်၊ သူတို့ကို ဟောမယ်ဆိုပြီး ဓမ္မစကြာတရား ဟောတာနော်၊ အဲဒီပုဂ္ဂိုလ်ငါးဦးဟာ သူတို့မှာ ကိုယ်ပိုင် အသိဉာဏ်ကလည်းရှိတယ်၊ မြတ်စွာ ဘုရားကလည်း ပွင့်လာတယ်၊ တရားဓမ္မလည်း ဟောတယ်၊ ဟော အခြေအနေသုံးခုစလုံး သူတို့မှာ ရမသွားဘူးလား၊ အေး ရသွားတာနဲ့ ရှင်ကောဏ္ဍည ကစပြီး သောတာပန်ဖြစ်သွားကြတယ် မဟုတ်လား၊ အဲဒီလိုပုဂ္ဂိုလ်မျိုး တစ်ဦးသည်သာလျှင် အခြေအနေ ကောင်းနဲ့ကြုံတယ်လို့ ပြောတာနော်။

**ရှစ်ယောက်နဲ့တစ်ယောက်** ထဲက ဟောဒီ တစ်ယောက်ထဲပဲ အခွင့်အရေးရတယ်၊ အဲဒီ တစ်ယောက်ထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေက ဗုဒ္ဓမြတ်စွာ လက်ထက်တော် အခါကာလတုန်းက ပဥ္စဝဂ္ဂီ

ငါးဦးကလည်း ဒီတစ်ယောက်ထဲမှာပါတယ်၊ ယသ အမျိုးရှိတဲ့ သူငယ်ချင်း လေးယောက်ကလည်း ဒီတစ်ယောက်ထဲမှာပါတယ်၊ အရှင်မောဂ္ဂလာန်တို့ အရှင်သာရိပုတ္တရာတို့လည်း ဒီထဲမှာ ပါကြတယ်၊ အသီတိမဟာသာဝက ရှစ်ကျိပ်သော တပည့်တွေ လည်း ဒီ "**တစ်ယောက်**" ဆိုတဲ့ အထဲမှာ အကုန် ပါကြတယ်။ နောက်ဆုံးမှာ မြတ်စွာဘုရားဟောတဲ့ တရားမွေနာရလို့ အကျွတ်တရားရသွားတဲ့ ပုဂ္ဂိုလ် တိုင်း ပုဂ္ဂိုလ်တိုင်း ဘုရားပွင့်လို့ တရားဟောတဲ့ အခါမှာ တရားနာခွင့်ရပြီး မြတ်သောအကျင့်ကို ကျင့်လို့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားကြတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ ဟောဒီ "**တစ်ယောက်**" ထဲမှာ ပါကြတယ်။

အခု တရားချစ်ခင် သူတော်စင်ပရိသတ်တို့ လည်း လူ့ဘဝရနေကြပြီ၊ ဗုဒ္ဓမြတ်စွာရဲ့ သာသနာ

တော်မြတ်ကြီး ထွန်းလင်းနေသည့်အတွက်ကြောင့် တရားမွေကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ နည်းလမ်းတွေ ဒီကနေ့အထိ ရှိနေတုန်းပဲ၊ အဲဒီတော့ ဘုရားလည်း ရှိနေသေးတယ်၊ တရားလည်း ရှိနေသေးတယ်၊ တရားရှိနေရင် ဘုရားရှိလည်း ရှိတာပဲ၊ ဘာဖြစ်လို့ တရားရှိနေရင် ဘုရားရှိတယ်လို့ ပြောနိုင်တုန်းဆိုတော့ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီးမှာ ဟောထားခဲ့တာရှိတယ်။ "**ယော ခေါ် အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ**" တဲ့၊

**အာနန္ဒ**– ညီဘွားအာနန္ဒာ၊ **ယော ဓမ္မော**– အကြြင်မွေကိုလည်းကောင်း၊ **ယော ဝိနယောစ**– အကြင်ဝိနယကိုလည်းကောင်း၊ **မယာ**– ငါဘုရားသည်၊ **ဒေသိတော** – ဟောပြောအပ်ခဲ့လေပြီ၊ **ပညတ္တော**–ပညတ်အပ်ခဲ့လေပြီ၊ **သော ဓမ္မဝိနယော**–

ထိုငါပေါ့အပ်တဲ့မေ့ ငါပညတ်ခဲ့တဲ့ ဝိနယသည်၊ **မမ**– ငါရဲ့၊ **အစ္စယေန**– ပရိနိဗ္ဗာန် စံလွန်ပြီးတဲ့ အခါကာလမှာ၊ **ဝေါ**–အသင်ချစ်သားတို့ရဲ့၊ **သတ္ထာ**– ဆိုဆုံးမတတ်တဲ့ ဆရာသည်၊ **ဘဝိဿတိ**–ဖြစ်ပေ လိမ့်မယ်ဟူ၍၊ **ဘဂဝါ** – ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **အဝေါစ**–ကောင်းစွာ မသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

မြတ်စွာဘုရား ဟောထားတဲ့ တရားဓမ္မတွေ ဒီကနေ့အထိ ထွန်းကားပြီး တည်ရှိနေကြတာ ဖြစ်သောကြောင့် ဘုရားပွင့်တဲ့အချိန်လို့ မဆိုနိုင် ဘူးလား။ အေး ဘုရားကလည်း ပွင့်နေတယ်၊ တရား ဓမ္မတွေကိုလည်း ဟောနေတယ်၊ မိမိကိုယ်တိုင် ကလည်း အကောင်းအဆိုး အကြောင်းအကျိုး ခွဲခြားသိနိုင်တဲ့အသိဉာဏ်လည်း ရှိနေတယ်၊ တရား ဓမ္မကို ခံယူနိုင်တဲ့ ဉာဏ်စွမ်းအားလည်း ရှိနေတယ်

ဆိုတော့ တရားထူး တရားမြတ်ရနိုင်တဲ့ မြတ်သော အကျင့်ကိုကျင့်ဖို့ အခွင့်အလမ်းတွေ မရှိဘူးလား၊ ရှိတယ်၊ မြတ်သောအကျင့်ကျင့်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိတယ်၊ ပုဂ္ဂိုလ်အဆင့်ကတော့ အမျိုးမျိုး ရှိတာပေါ့။

ဘယ်လို အမျိုးမျိုးရှိတုန်းဆိုရင် နံပါတ် ၁-က "**ဥဃဋိတညူ**" တဲ့၊ ဒီ ပုဂ္ဂိုလ်ကတော့ အဆင့်အမြင့် ဆုံး ပုဂ္ဂိုလ်မျိုးပေါ့၊ အသိဉာဏ် အထက်မြက်ဆုံး ပုဂ္ဂိုလ်၊ နည်းနည်းလေး ပြောလိုက်တာနဲ့ တစ်မဂ် တစ်ဖိုလ် ရသွားနိုင်တယ်၊ ဥပမာ အရှင်သာရိ ပုတ္တရာ မထေရ်မြတ်တို့လိုပေါ့၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဆိုလို့ရှိရင် ပထမတုန်းက တရားမမွှ ရှာရင်း **သိစ္စည်းပရိဗိုဇ်ကြီး**ရဲ့ တပည့်အဖြစ် ခံယူ တယ်၊ ပရိဗိုဇ်ဝတ်နေတယ်၊ သူ့ထံက ပညာတွေ သင်လိုက်တဲ့အခါ ဘာမှ မယ်မယ်ရရမရှိဘူး၊ သူတို့

လိုချင်တဲ့ တရားမဟုတ်ဘူးဆိုတာ သိလာတယ်၊ ဒါကြောင့်မို့ တရားစစ် တရားမှန်ကို ဟောပြော နိုင်တဲ့ ပုဂ္ဂိုလ်ကို ရှာရင်းရှာရင်းနဲ့ နောက်ဆုံးမှာ ပဉ္စဝဂ္ဂီငါးဦးထဲက ရှင်အဿဇိမထေရ်မြတ်နဲ့ သွားပြီး တော့တွေ့တာ။

တွေ့တဲ့အခါမှာလည်းပဲ ရာဇဂြိုဟ်ပြည်ထဲမှာ ဆွမ်းခံသွားရင်းကနေ အမှတ်မထင်တွေ့တော့ ပုဂ္ဂိုလ်ရဲ့ အခြေအနေကို ကြည့်လိုက်တာ၊ အကဲခတ် လိုက်တာနဲ့ ဒီပုဂ္ဂိုလ်ကတော့ တရားထူးတရားမြတ် ဖြစ်ရတဲ့ပုဂ္ဂိုလ် ဖြစ်လောက်တယ်ဆိုပြီး ရှင်အဿဇိ နောက်ကနေလိုက်ပြီး ရှင်အဿဇိ ဆွမ်းဘုဉ်းပေးတဲ့ နားမှာ ဝတ်ကြီးဝတ်ငယ်ပြုလို့ ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါ မေးတယ် "အရှင်ဘုရားရဲ့ဆရာက ဘယ်သူ တုန်း၊ ဘယ်သူ့ကို ဆရာတင်ပြီးတော့ သက်န်း ဝတ်တာတုန်း၊ အရှင်ဘုရားရဲ့ဆရာက ဘာတွေ

ဟောတာတုန်း” ဆိုတဲ့ မေးခွန်းတွေကို မေးလိုက်တာ ပေါ့နော်၊

အဲလိုမေးတဲ့အခါ ရှင်အဿဇိက “သူ သာသနာ့ဘောင် ဝင်လာတာ မကြာသေးပါဘူးတဲ့၊ ဘုရားရဲ့ဝါဒ အကျယ်တဝင့် သူမပြောနိုင်ပါဘူးတဲ့၊ သူသိသလောက် အကျဉ်းကလေး ပြောပါ့မယ်” ဆိုတော့ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿ ပရိဗိုဇ်က “အရှင်ဘုရားတဲ့၊ တပည့်တော်ကို အတို လေးပဲ အမိန့်ရှိပါတဲ့၊ အဓိပ္ပါယ်ကပဲ အရေးကြီးပါ တယ်၊ စကားလုံးတွေများဖို့ မလိုပါဘူး၊ အရှင်ဘုရား အကျယ်မပြောချင်နေပါ၊ အကျဉ်းလေးပဲသာ ပြောပါ” တဲ့။ ဒီတော့ အရှင်အဿဇိ ပြောလိုက်တာ မှ လေးကြောင်းပဲရှိတဲ့ ဂါထာလေးတစ်ပုဒ်ပါ။

**“ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။**

**တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။"**

**ယေ ဓမ္မာ**– အကြင်အကျိုးတရားတို့သည်၊ **ဟေတုပ္ပဘဝါ**– အကြောင်းတရားကို အခြေခံ၍ ဖြစ်ပေါ်လာကြပေကုန်၏၊ **တေသံ**– ထို အကျိုးတရားတို့ရဲ့၊ **ဟေတုံ**– အကြောင်းစစ် အကြောင်းမှန်ကို၊ **တထာဂတော**–မြတ်စွာဘုရားသည်၊ **အာဟ**– ဟောတော်မူခဲ့လေပြီ။

ရှင်အဿဇိက ရှင်းပြလိုက်တဲ့ စကားဟာ **"ဘယ်အရာပဲဖြစ်ဖြစ်၊ အကြောင်းကင်းပြီး မဖြစ်ဘူးတဲ့၊ အကြောင်းတရားကို အခြေခံပြီးတော့မှသာ ဖြစ်တာတဲ့၊ အဲဒီအကြောင်းတရားကို မြတ်စွာဘုရား ဟောပါတယ်"** တဲ့၊ အကြောင်းတရားနဲ့ အကျိုးတရား၊ ဒီနှစ်ခုကို ပြောလိုက်တာ၊ အဲဒီစကားကို နားထောင်လဲပြီးရော သောတာပန်ဖြစ်သွားတယ်၊

သောတာပန်ဖြစ်တယ်ဆိုတာ သံသယတွေ ကင်းသွားတာ၊ ဝိစိကိစ္ဆာ လုံးဝမရှိတော့ဘူး၊ မှားယွင်းတဲ့ အမြင် လုံးဝမရှိတော့ဘူး၊ အမြင်မှန် ရသွားပြီ၊ အကြောင်းတရားနဲ့ အကျိုးတရား မြင်ဖို့ဆိုတာလည်း လွယ်တာမဟုတ်ဘူး၊ ကဲ တရားချစ်ခင်သူတော်စင် ပရိသတ်တို့ အကြောင်းအကျိုးလေးကို မြင်တတ်အောင်ကြည့်။

လူတိုင်း လူတိုင်းမှာ မျက်စိရှိနေကြတယ်၊ မျက်စိလေးနှစ်လုံး ဖွင့်လိုက်လို့ရှိရင် မြင်စရာ အာရုံလေးက မျက်စိထဲမှာ ပေါ်မလာဘူးလား၊ ပေါ်လာတယ်၊ ပေါ်လာတဲ့အခါကျတော့ ဥပမာ - ပန်းပွင့်ကလေးကို ကြည့်တယ်ဆိုလို့ရှိရင် ပန်းပွင့်ကလေးနဲ့ မျက်လုံးလေး ဆုံလိုက်တဲ့အခါ ပန်းပွင့်ကလေးကို မြင်တယ်ဆိုတဲ့ အသိစိတ်လေး ပေါ်မလာဘူးလား၊ အဲဒီမြင်သိစိတ်ကလေး ပေါ်လာတာဟာ ဘာကို

အကြောင်းပြုတုန်းဆိုတော့ မြတ်စွာဘုရားက "**စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**" တဲ့၊ **စက္ခုံ စ** –စက္ခုပသာဒရုပ်ကိုလည်းကောင်း လောကမှာ မြင်တတ်တဲ့မျက်စိကလေး၊ **ရူပေ စ**– အဆင်းအာရုံကိုလည်းကောင်း၊ **ပဋိစ္စ**– အကြောင်းပြု၍၊ **စက္ခုဝိညာဏံ**– မြင်သိစိတ်ကလေး သည်၊ **ဥပ္ပဇ္ဇတိ**– ဖြစ်ပေါ်လာရပေတော့၏၊

မြင်သိ စိတ်ကလေး ဖြစ်တယ်ဆိုတာက "**ဟေတုပ္ပန္န**" အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားလေးတစ်ခုပဲ၊ အဲဒီ မြင်သိစိတ်ကလေး ဖြစ်ဖို့ရာအတွက် ဒီမှာ အကြောင်းနှစ်ခုကို မြတ်စွာဘုရား ပြထားတယ်၊ မျက်စိရယ် မြင်စရာအာရုံရယ်။ မျက်စိနဲ့ မြင်စရာအာရုံ ဒီနှစ်ခုကို အကြောင်းပြုပြီး ဟောဒီ မြင်သိစိတ်ကလေး ပေါ်လာတာလို့ အကြောင်းနဲ့အကျိုး ဒီနှစ်ခုကို ဟောတာ၊ ကဲ ဒါဖြင့်

မျက်စိမှိတ်ထားမယ် ဆိုလို့ရှိရင်ရော မြင်သိစိတ် ပေါ်ပါ့မလား၊ မြင်စရာအာရုံ မရှိဘူးဆိုရင်ရော မြင်သိစိတ်ပေါ်ပါ့မလား၊ မပေါ်ဘူး၊ မျက်စိလည်း ရှိရမယ်၊ မြင်သိစိတ်လည်း ရှိရမယ်၊ မြင်စရာအာရုံနဲ့ မျက်စိဆုံမိတာ ဖြစ်ရမယ်၊ အနည်းဆုံး အဲဒီ အကြောင်းနှစ်ခု ပေါင်းဆုံတဲ့အခါမှာ မြင်မှုဖြစ်ပေါ် လာတယ်။

သာမန်အားဖြင့် မြတ်စွာဘုရားက ဒီနှစ်ခုဟာ အဓိကအရေးကြီးလို့ မျက်စိနဲ့ မြင်စရာအာရုံ ဒီနှစ်ခုကိုသာ အကြောင်းအနေနဲ့ သုတ္တန်တွေမှာ ဟောထားသော်လည်း အခြားအကြောင်းတွေ ရှိသေးတယ်။ ကဲ ပန်းပွင့်ကလေးတစ်ပွင့် မြင်ဖို့ရာ အတွက် မျက်စိရှိတယ်၊ ပန်းပွင့်လေးရှိတယ်၊ သို့သော် မျက်စိနဲ့ ပန်းပွင့်ကြားမှာ အမှောင်ဖုံးနေ မယ်ဆိုရင် မြင်ပါ့မလား၊ အဲဒီတော့ အလင်းရောင်

လေးရဲ့အကူအညီ မလိုဘူးလား၊ ဒါ့ကြောင့်မို့လို့ ညမှောင်မိုက်ထဲ ခရီးသွားတဲ့ အခါကျတော့ ဓာတ်မီး ကလေးနဲ့ သွားကြရတာလေ၊ ဓာတ်မီးကလေး ထိုးကြည့်မှ မြင်ရတာ၊ အဲဒီတော့ အလင်းရောင် လေးကလည်း အကြောင်းတစ်ခု မဖြစ်ဘူးလား၊ အေး ဒါ့ကြောင့်မို့ မျက်စိလည်း ရှိရမယ်၊ မြင်စရာ အာရုံကလည်း ရှိရမယ်၊ ဟော အလင်းရောင်လေး ကလည်း ရှိရမယ်။

နောက်တစ်ခု ဘာလိုတုန်းဆိုရင် သတိထားမိ ဖို့ လိုသေးတယ်၊ "**သတိမမူ ဂူမမြင်**"တဲ့၊ သတိမူရင် မြူတောင်မြင်တယ်လို့ ဆိုကြတယ်လေ၊ သတိ မထားရင် မမြင်တာတွေ အများကြီးပဲ၊ အဲဒါကြောင့် မို့ **attention** လို့ ခေါ်တဲ့ မနသိကာရလေးကလည်း ရှိရဦးမယ်တဲ့၊ ပေါင်းလိုက်တဲ့အခါ မျက်စိရယ်, အဆင်းအာရုံရယ်, အလင်းရယ်, နှလုံးသွင်းမှုဆိုတဲ့

မနသိကာရရယ်၊ လေးခုဖြစ်သွားတယ်၊ အဲဒီလေးခု သည် အကြောင်းတဲ့၊ မြင်သိစိတ်ကလေးသည် အကျိုး၊ အကြောင်းကို မှီတည်ပြီး ဒီအကျိုးတရား လေးက ဖြစ်တာ၊ အဲဒီမြင်သိ စိတ်ကလေးဟာ နဂိုတုန်းက မျက်စိနဲ့ရူပါရုံ မဆုံခင်က ဘယ်နေရာမှာ ရှိနေတုန်း၊ သေသေချာချာ စဉ်းစားကြည့်နော်၊ မျက်စိနဲ့ရူပါရုံ မဆုံခင်က မြင်သိစိတ်လေးဟာ ဘယ်နေရာမှာ ရှိတုန်းဆိုရင် ဘယ်နေရာမှ မရှိဘူး။

ဆိုပါစို့ ဥပမာတစ်ခု ပြောရအောင်၊ စောင်း ကလေးတစ်ခု၊ ခုခေတ်ဆိုရင်တော့ စောင်းထက်ပိုပြီး တော့ လူတွေအသိများတာ ဂစ်တာလေးတစ်ခု ဆိုပါတော့နော်၊ ဂစ်တာလေးကို တီးမယ်ဆိုလို့ရှိရင် ဂစ်တာထဲမှာ အသံလေးတွေက ဘယ်နားမှာ ရှိနေ တုန်း၊ ကြိုးထဲမှာလား, အိုးထဲမှာလား, တီးတဲ့လူရဲ့ လက်ထဲမှာလား, ဘယ်မှာ ရှိတယ်လို့ထင်တုန်း၊

ဘယ်မှာမှရှိနေတာ မဟုတ်ဘူးနော်၊ ကြိုးထဲမှာလည်း အသံတွေရှိနေတာ မဟုတ်ဘူး၊ အိုးထဲမှာလည်း အသံတွေရှိနေတာ မဟုတ်ဘူး၊ တီးတဲ့လူရဲ့လက်ထဲမှာလည်း အသံရှိနေတာ မဟုတ်ဘူး၊ သို့သော် ကြိုးရယ်, အိုးရယ်, တီးတဲ့လူရယ် သုံးခုပေါင်းလိုက်တဲ့အခါ အသံထွက်မလာဘူးလား၊

အဲဒါလိုပဲ မျက်စိ, အဆင်းအာရုံ, အလင်း, နှလုံးသွင်းမှုလို့ ဆိုတာတွေ ပေါင်းလိုက်တဲ့အခါ မြင်သိစိတ်ကလေး ပေါ်လာတာ၊ နဂိုတုန်းက တစ်နေရာမှာ ရှိနေတာ မဟုတ်ဘူးတဲ့၊ ထို့အတူပဲ စဉ်းစားကြည့်၊ အလှူအတန်း လုပ်တဲ့အခါ အိုးစည်တို့ ဒိုးပတ်တို့ တီးကြတယ်မဟုတ်လား၊ အိုးစည်တို့ ဒိုးပတ်တို့ထဲမှာ အိုးစည်သံတွေ, ဒိုးပတ်သံတွေ ရှိနေသလား၊ မရှိဘူး၊ ဘာကို အကြောင်းပြုတုန်းဆိုရင် အဲဒါ စည်ရယ်, လက်ရယ်, တီးခတ်မှု လုံ့လ

စွမ်းအားရယ် ဟောဒီ အကြောင်းသုံးခုပေါင်းမှ ထွက်လာတာ မဟုတ်ဘူးလား။

အဲဒီထက် ထင်ရှားတဲ့ ဥပမာလေးတစ်ခု ကြည့်ဦး၊ ဆေးလိပ်သောက်တတ်တဲ့ လူတွေက အိတ်ထောင့်ထဲမှာ ဘာဆောင်ထားတုန်း၊ မီးခြစ်ဘူးကလေး ဆောင်ထားကြတယ်၊ အဲဒီ မီးခြစ်ဘူး ထဲမှာ မီးရှိရဲ့လား၊ မီးရှိရင် အိတ်ထောင့်ထဲ ထဲ့ထားက လောင်သွားမှာပေ့ါနော်၊ မီးဆိုတာ လောင်တတ်တဲ့သဘောရှိတယ်၊ သို့သော် မီးလိုချင်ရင် အဲဒီ မီးခြစ်ဘူးထဲက မရဘူးလား၊ ခြစ်ပေးခြင်းဆိုတဲ့ အကြောင်းတစ်ခု ထပ်ပိုးလိုက်ရင် မီး မရဘူးလား၊ သို့သော်လည်းပဲ **lighter** လို့ဆိုတဲ့ ဂတ်စ်မီးခြစ်ဘူး ဆိုလို့ရှိရင်တော့ အထဲမှာ **gas** လည်းရှိရမယ်၊ မီးခြစ်ဖို့ရာအတွက် ဘီးလုံးလေးလည်းရှိရမယ်၊ အမာခံလေး ပွတ်တဲ့နေရာလည်း ရှိရမယ်၊ ဒီအင်္ဂါရပ်တွေ

ပြည့်စုံပြီဆိုလို့ရှိရင် နောက်ဆုံးမှာ လူကနေပြီးတော့ လက်ညှိုးလေးနဲ့ လက်မလေးနဲ့ဖိပြီး ခြစ်လိုက်ခြင်း ဆိုတဲ့ အကြောင်းကလေးတစ်ခု ထည့်လိုက်ရင် မီး ကလေးက ဝုန်းကနဲတောက်လာတာ မဟုတ်လား၊ အဲဒီမီးကလေးဟာ ဒီထဲမှာရှိနေတာ မဟုတ်ဘူးတဲ့၊ အကြောင်းနဲ့တိုက်ဆိုင်လာလို့ အကြောင်းကြောင့် ပေါ်လာတယ်ဆိုတာကို ရှင်းပြတာပဲ။

"**ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ**"။ ဒီနေရာမှာ အကြောင်း တရားကို ဟောလိုက်တာ၊ **ယေ ဓမ္မာ**– အကြင် အကျိုးတရားတွေဟာ၊ ဒုက္ခသစ္စာဆိုတဲ့ အကျိုး တရားတွေဟာ၊ **ဟေတုပ္ပဘဝါ**– အကြောင်းကနေ စတင်ပြီး ဖြစ်လာကြတာ၊ အကြောင်းကို စွဲပြီးတော့ ဖြစ်ကြတာ၊ အကြောင်းမရှိဘဲနဲ့ လုံးဝမဖြစ်ဘူးတဲ့။ ဘုန်းကြီးတို့သန္တာန်မှာ ဖြစ်နေတဲ့ အရာမှန်သမျှ

အကြောင်းပေါ် မှာ စွဲမှီပြီး ဖြစ်နေတာချည်းပဲ၊ အဲဒီ အကြောင်းကို စွဲမှီပြီးတော့ဖြစ်နေတာ၊ မဖြစ်ခင်က တစ်နေရာရာမှာ ရှိနေတာလဲ မဟုတ်ဘူး၊ ဖြစ်ပြီး တော့ရော တစ်ခါထဲပျောက်သွားကြတာပဲ၊ အဲဒါကို အနိစ္စလို့ ခေါ်တာပဲ။

"**အဟုတွာ**–ဘယ်နေရာမှာမှ ထင်ရှားရှိနေ တာ မဟုတ်ဘဲနဲ့၊ **သမ္ဘောတိ**– အကြောင်းတွေ ပေါင်းဆုံလို့ ဖြစ်လာရတယ်၊ ခုနက မြင်သိစိတ် လေးဟာ ခန္ဓာကိုယ်ထဲမှာ ဘယ်နေရာမှ ရှိနေတာ မဟုတ်ဘူး၊ သို့သော် မျက်စိရယ်, မြင်စရာအာရုံ ရယ်, အလင်းရောင်ရယ်, နှလုံးသွင်းမှုရယ်၊ အဲဒီ လေးခု ဆုံလိုက်တာနဲ့ တစ်ပြိုင်နက် မြင်သိစိတ် ပေါ်လာတယ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက် သိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်တွေ အားလုံးလည်း ဒီတိုင်းပဲလို့ မှတ်ရမယ်နော်၊

**ဟေတုံ ပဋိစ္စ သမ္ဘူတာ**–အကြောင်းရှိတဲ့အခါမှာ ပေါ်လာတယ်၊ **ဟေတုဘင်္ဂါ နိရုဇ္ဈရေ**–အကြောင်းချုပ်သွားတာနဲ့ ချုပ်သွားရောတဲ့၊ အနိစ္စဆိုတာ အဲဒါပြောတာ၊ **အဟုတွာ**– ဘယ်နေရာမှာရှိနေတာ မဟုတ်ဘဲနဲ့၊ **သမ္ဘောတိ**– အကြောင်းတွေတိုက်ဆိုင်ပြီးတဲ့အခါမှာ ပေါ်လာတယ်၊ **ဟုတွာ**–အကြောင်းတွေ တိုက်ဆိုင်လို့ ဖြစ်ပေါ်လာပြီးတဲ့နောက်မှာလည်း၊ **ပဋိဝေတိ** – ပျောက်ကွယ်၍သွားတယ်၊ မမြဘူးတဲ့၊ မြင်သိစိတ်လေးဟာ အမြဲရှိနေတာ ဟုတ်ကဲ့လား၊ သူဟာလေးနဲ့သူ ဖြစ်ပြီးပျောက်သွားတာ၊

စဉ်းစားကြည့်လေ၊ စောင်းကလေးကို လက်ကလေးနဲ့ တီးလိုက်တဲ့အခါ စောင်းသံလေးထွက်လာပြီး ပျောက်မသွားဘူးလား၊ နောက်ထပ်တီးရင် နောက်ထပ်ပေါ်၊ နောက်ထပ်တီး နောက်

ထပ်ပေါ်၊ တစ်နာရီတီးရင် တစ်နာရီလုံးလုံး ပေါ်နေမှာ၊ သို့သော် ပေါ်လာတဲ့ အသံတွေဟာ ရပ်တည်နေတာ ဟုတ်ကဲ့လား၊ ပျောက်သွားတာနော်၊ အဲဒါကိုပြောတာ အနိစ္စ။

မြတ်စွာဘုရားရဲ့ တရားတော် ဆိုတာက အင်မတန်မှ လက်တွေ့ကျတယ်၊ မြတ်စွာဘုရားက လူတိုင်းလူတိုင်း သိနိုင်တဲ့ သဘာဝတရားတွေကို ဟောတာ၊ ဒီအချက်တွေ ရှုဆင်ခြင်နေတာကိုပဲ တရားအားထုတ်တယ်လို့ ခေါ်တာနော်၊ မျက်စိကြီးမှိတ်ပြီးတော့ ငုတ်တုတ်ကြီး ထိုင်နေမှ တရားအားထုတ်တာမဟုတ်ဘူး၊ တရားမှတ်ကို ဆင်ခြင်သုံးသပ်နေလို့ရှိရင် ဘယ်လို အနေအထားမျိုးပဲနေနေနော် တရားအားထုတ်တာပဲ။ မျက်စိမှိတ်ပြီး ဟိုတွေးဒီတွေး တွေးနေရင်လည်း တရားအားထုတ်တာ မဟုတ်ဘူးနော်။

အေး ဒါ့ကြောင့်မို့ တရားမမှဆိုတာ သဘာဝ အတိုင်း မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ အရာတွေကို ခေါ်တယ်။ အဲဒီ သဘာဝတရားတွေကို ဆင်ခြင် စဉ်းစားပြီးတော့ ရှုမှတ်နေတာ၊ အဲဒီလို ရှုမှတ်ပြီး သဘာဝတရားတွေကို သိနေတာသည်ပင်လျှင် တရားအားထုတ်နေတာဖြစ်တယ်၊ တရားသိနေ တယ်လို့ ဒီလိုပြောတာ၊ အဲဒီလို သိနေမယ်ဆိုလို့ရှိရင် ခုနက အသိမျိုးလေး သိနေရမယ်။ ဩော် မျက်စိ ရယ် အဆင်းအာရုံရယ် ဒီနှစ်ခုဆုံမိလို့ မြင်သိစိတ် ကလေး ပေါ်လာတာပါလားလို့ ဒီအတွေးလေး တွေးနေလို့ရှိရင် ထိုမြင်စရာအာရုံပေါ်မှာ လောဘ ဆိုတာ ဖြစ်စရာအကြောင်း မရှိတော့ဘူး၊ ဒေါသ ဆိုတာလည်း ဖြစ်စရာအကြောင်း မရှိတော့ဘူး၊

လောဘဖြစ်တယ်ဆိုတာ ဒီမြင်သိစိတ်နဲ့ မြင်ပြီး တဲ့နောက် ဒီအာရုံပေါ်မှာ မသင့်မတင့် နှလုံးသွင်း

သည့်အတွက်ကြောင့် ဖြစ်ရတာ၊ မသင့်မတင့် နှလုံးသွင်းသည့်အတွက်ကြောင့် ဒေါသဖြစ်ရတာ။ မဆင်မခြင် မစဉ်းစားနိုင်သည့် အတွက်ကြောင့် မောဟဖြစ်ရတာလို့ဆိုတော့ ဒီတရားတွေဟာ သူ့ဆိုင်ရာဆိုင်ရာ အကြောင်းလေးတွေနဲ့ချည်းပဲ ဖြစ်နေကြရတာ၊ အဲဒီလို ရှင်းရှင်းလင်းလင်း သိလာနိုင်တယ်။ အဲဒီ အသိဉာဏ်မျိုးကို ရှစ်ယောက်သော ပုဂ္ဂိုလ်တွေ မရနိုင်ဘူးတဲ့၊ တစ်ယောက်သော ပုဂ္ဂိုလ်သာလျှင် ဒီအသိဉာဏ်ရဖို့ အခွင့်အရေးရကြတယ်။

ဒီအသိဉာဏ်ရဖို့ အခွင့်အရေးရတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဒီအသိဉာဏ်မျိုး ရကြသလားဆိုတော့ မရဘူး၊ ဘာဖြစ်လို့မရလဲ၊ ရအောင်မလုပ်လို့ မရတာ၊ နေ့စဉ်နဲ့အမျှ နေကြထိုင်ကြတဲ့အခါမှာ အချို့ ပုဂ္ဂိုလ်တွေဟာ တရားဓမ္မဘက်မှာ စိတ်ကူးတောင် မထည့်ဘူး၊ ရောင်းရေးဝယ်တာ ကိစ္စတွေ၊ သွားရေး

လာရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေနဲ့ပဲ အချိန်ကုန်ပြီးတော့နေကြတယ်။ ဘယ်လိုလုပ်ပြီး ဒီတရားကို သိပ့်ါမလဲ။ မသိဘူး၊ အဲဒီလိုဆိုရင် မိမိကိုယ်တိုင်လည်း ရှစ်ယောက်ထဲ ပါမသွားပေဘူးလား၊ တရားဓမ္မကို မသိရဘူးဆိုရင် ခုနက ရှစ်ယောက်သော ပုဂ္ဂိုလ်တွေဟာ အခွင့်အရေးဆုံးသလိုပဲ ရနေတဲ့ အခိုက်ကလေးမှာ ဗုဒ္ဓမြတ်စွာရဲ့ တရားဓမ္မတွေကို နှလုံးမသွင်းမိဘူးဆိုလို့ရှိရင်၊ နှလုံးသွင်း ဆင်ခြင်ဖို့ စိတ် မရှိဘူးဆိုလို့ရှိရင် မိမိကိုယ်တိုင်လည်း အခွင့်အရေး ရနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ ဒါကို သတိကြပ်ကြပ်ထားဖို့ အင်မတန်မှ လိုအပ်တယ်၊ ရှစ်ယောက်သော ပုဂ္ဂိုလ်တွေ အခွင့်အရေး ဆုံးနေကြတယ်၊ ငါဟာ တစ်ယောက်သော ပုဂ္ဂိုလ်ထဲ ပါတယ်၊ သို့သော် မလုပ်ဘဲနေရင် ငါလည်းပဲ အခွင့်အရေး ဆုံးရှုံးသွားလိမ့်မယ်၊ မြတ်စွာဘုရားသခင်

ကိုယ်တော်မြတ်က၊ **"မနုဿတ္တဘာဝေါ ဒုလ္လဘော"** တဲ့၊ လူ့ဘဝဆိုတာ ရဖို့အင်မတန်ခက်တယ်၊ ဘာဖြစ်လို့ ခက်တုန်းဆို စဉ်းစားကြည့်ပေ့ါ၊ လူ့ဘဝက ဘာကြောင့် ရနိုင်တာတုန်းဆို ကုသိုလ်ကြောင့်ရတာ၊ ကဲ ကုသိုလ်စိတ်ဖြစ်တဲ့ အချိန်ဟာ များသလား၊ နည်းသလား ကိုယ့်ဟာကိုယ် စဉ်းစားကြည့်၊ နံနက်မိုးသောက် အလင်းရောက်တဲ့အချိန်က ညအိပ်ယာဝင်တဲ့အချိန်အထိ ကြည့်လိုက်၊ အိပ်ပျော်နေတဲ့အချိန်တော့ထား၊ ကုသိုလ်စိတ်မရှိဘူး ဘဝင်စိတ်ပဲဖြစ်တယ်၊ အိပ်နေတဲ့အချိန်ကို နှုတ်ထားလိုက်၊ ဘဝင်စိတ်တွေ မဖြစ်လို့ ဝီထိစိတ်ဖြစ်နေတဲ့အချိန် နံနက်မိုးသောက် အလင်းရောက်လို့ မျက်စိနှစ်လုံးဖွင့်လိုက်တဲ့အချိန်ကစပြီးတော့ အိပ်ယာပေါ် မှာလှဲပြီး မျက်စိနှစ်လုံးပိတ်ပြီး အိပ်ပျော်သွားတဲ့ အချိန်ထိ ကြည့်၊ ကုသိုလ်စိတ် ဘယ်နှစ်ခါဖြစ်လဲ။

ကုသိုလ်စိတ် ဖြစ်တဲ့အချိန်နဲ့ အကုသိုလ်စိတ် ဖြစ်တဲ့အချိန် ဘယ်ဟာက များသလဲ၊ ကုသိုလ်နဲ့မှ လူ့ဘဝရတယ်ဆိုတော့ ကုသိုလ်စိတ် ဖြစ်ဖို့ရာ အင်မတန် ခဲယဉ်းတော့ လူ့ဘဝ ဖြစ်ဖို့ရာရော မခဲယဉ်းဘူးလား၊ ဒါ့ကြောင့်မို့ ခဲယဉ်းတယ်လို့ ပြောတာ၊ လူ့ဘဝရဖို့ခက်တယ်ဆိုပေမယ့် တစ်ချို့က ထင်တယ်၊ ဒီကနေ့ လူဦးရေတွေ တိုးနေတယ်၊ သန်းပေါင်း ၅၀၀၀ ကျော်သွားပြီ၊ ကမ္ဘာမှာ လူဦးရေတွေ တိုးနေတယ်၊ အဲဒီတော့ လူ့ဘဝရခဲတယ်လို့ မထင်ကြဘူး။ သို့သော် တိရစ္ဆာန်ဦးရေနဲ့ နှိုင်းယှဉ်ပြီးတော့ ကြည့်မယ်ဆိုရင် လူဦးရေဟာ ဘာမှ ပြောပလောက်တာ မရှိဘူး၊ ကုသိုလ်ကံနဲ့မှ လူ့ဘဝ ရနိုင်တာဖြစ်သောကြောင့် ကုသိုလ်ဖြစ်ဖို့ အချိန်သည် မည်မျှနည်းသလဲ၊ ကိုယ့်ဟာသာကိုယ် စဉ်းစားကြည့်၊ သူများကို မကြည့်နဲ့။

ကိုယ့်ရဲ့ဘဝကိုပဲ ကိုယ်ကြည့်၊ ငါ့ရဲ့ဘဝမှာ ကုသိုလ်ဖြစ်တဲ့အချိန်နဲ့ အကုသိုလ်ဖြစ်တဲ့အချိန် ဘယ်ဟာကများသလဲ၊ သို့မဟုတ် ကုသိုလ်လည်း မဖြစ်ဘူး၊ အကုသိုလ်လည်း မဖြစ်ဘူး၊ ဘဝင်စိတ်တွေ ဖြစ်နေတဲ့ အိပ်ပျော်နေအချိန် ဘယ်ဟာက များသလဲ၊ နာရီနဲ့ တွက်ကြည့်လိုက်မယ်ဆိုရင် နိုးနေတဲ့ အချိန်လေးမှာတောင် ကုသိုလ်စိတ်က များများ မဖြစ်ဘူး၊ ဒီလိုဆိုရင် လူ့ဘဝရဖို့ရာ **"လူ့ပြည်က အပ်တစ်စင်းထောင်ထား၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်းချလိုက်ရင် အပ်ဖျားချင်းသာ ထိကောင်း ထိဖို့က လွယ်ကောင်းမယ်၊ လူ့ဘဝရဖို့ကခက်တယ်"** ဆိုတာ မမှန်ပေဘူးလား၊ မှန်တယ်၊ ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် ကုသိုလ်စိတ်ဖြစ်တဲ့အချိန်က အလွန်နည်းလို့။

အဲဒါကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က -

**"မနုဿတ္တလာဘံ လဒ္ဓါန၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ။**

**ယေ ခဏံ နာဓိဂစ္ဆန္တိ၊ အတိနာမေန္တိ တေ ခဏံ။"** လို့ ဟောတော်မူတာ။

"**သဒ္ဓမ္မေ သုပ္ပဝေဒိတေ**– သူတော်ကောင်းတရားကို ရှင်တော်ဘုရား ဟောကြားနေတဲ့ အခိုက်အခါကာလမှာ၊ **မနုဿတ္တလာဘံ**–လူ့ဘဝရရှိခြင်းကို၊ **လဒ္ဓါန**– ရရှိကြပါကုန်လျက်၊ **ယေ**– အကြင်ပုဂ္ဂိုလ်တို့သည်၊ **ခဏံ**– တကယ့် အခွင့်ကောင်းအခါကောင်းကြီးကို၊ **နာဓိဂစ္ဆန္တိ**– အခွင့်ကောင်းအခါကောင်းမှန်း မသိကြလေကုန်၊ **တေ**–ထိုအခွင့်ကောင်း အခါကောင်းကြီးကို အခွင့်ကောင်း အခါကောင်းမှန်း မသိကြတဲ့ ပုဂ္ဂိုလ်တို့သည်၊ **ခဏံ**–

တကယ့်တန်ဖိုးရှိတဲ့ လူ့ဘဝ ရခိုက်အခါ တန်ဖိုးရှိတဲ့ အခါသမယကို။ **အတိနာမေန္တိ**–ကုန်လွန်စေကြသည် ဟူ၍၊ **ဘဂဝါ**– ရွှေဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားသည်၊ **အဝေါစ**–ကောင်းစွာမသွေ ဟောကြား တော်မူခဲ့ပါပေသတည်း။"

အင်မတန်ကောင်းတဲ့ အခွင့်ကောင်းကြီးရဲ့ တန်ဖိုးကိုမသိလို့ရှိရင် အဲဒီအခွင့်ကောင်းကြီးဆိုတာ ထာဝရရှိနေမယ့်အရာ မဟုတ်ဘူးနော်၊ အခွင့် ကောင်းကြီးဆိုတာ မကြာခင်ကုန်တော့မှာ၊ လူတိုင်း လူတိုင်းမှာ အခုလို သာသနာတော်ကြီး ပွင့်လင်း နေခိုက် ကိုယ်ကလည်း ကျန်းမာရေးကောင်းတယ်၊ မျက်စိလည်းကောင်းတယ်၊ အကုန်လုံး ကောင်းနေ တဲ့ အချိန်လေးမှာ တရားဓမ္မ အားထုတ်နိုင်တဲ့ အချိန်လေးမှာ တရားအားမထုတ်နိုင်ဘူး၊ ဟိုကိစ္စ ဒီကိစ္စတွေနဲ့ အချိန်ဖြုန်းပြီး နေလိုက်မယ်ဆိုရင်

ဒီအခွင့်အရေးတွေ လက်လွတ် ဆုံးရှုံးသွားနိုင်တယ်။

ဒီအခွင့်အရေးဆိုတာက အမြဲတမ်းရှိနေမှာ မဟုတ်ဘူးတဲ့၊ အဲဒီအခွင့်အရေးတွေ ကုန်သွားတာနဲ့တစ်ပြိုင်နက် နောက်ထပ် ရချင်မှရမှာ။ အဲဒါကို ပြောတာ၊ အခွင့်ကောင်းကို တန်ဖိုးရှိရှိ အသုံးမချတတ်လို့ရှိရင် ဒီအခွင့်ကောင်းဟာ ကုန်သွားမှာတဲ့၊ ကုန်သွားပြီဆိုမှ လုပ်မယ်ဆိုရင် "**မိုးလွန်မှ ထွန်ချ၊ နေဝင်မှ စပါးလှမ်း**" ဆိုတာမျိုးလိုဖြစ်ပြီး ထိုပုဂ္ဂိုလ်ရဲ့လုပ်သမျှတွေဟာ ဘာမှအရာထင်တော့မှာ မဟုတ်တော့ဘူးတဲ့၊ အေး ဒါ့ကြောင့်မို့လို့ ဘုန်းကြီးတို့တစ်တွေဟာ ရှစ်ယောက်ထဲမှာမပါဘူး၊ တစ်ယောက်ထဲမှာပါတယ်၊ သို့သော် အခွင့်ကောင်းရှိနေတဲ့အချိန်ကလေးမှာ လုပ်သင့်တာလုပ်ရမယ်။ မလုပ်ရင် ရှစ်ယောက်ထဲ ပါသွားလိမ့်မယ်။

**"အခွင့်သာခိုက်မှု ရအောင်ယူ၊ ထိုသူပညာရှိ"** တဲ့၊ လယ်တီဆရာတော်ကြီးက အမိန့်ရှိတယ်၊ **"အခွင့်သာခိုက်မှ မလိုက်ချင်လျှင်၊ အမိုက်နင့်ပြင် ရှိသေးလီမ့်လေး"** တဲ့၊ ဟုတ်ကဲ့လား၊ အခွင့်သာခိုက်ကလေးမှ မလုပ်ဘူးဆိုရင် ကိုယ့်လောက်မိုက်တဲ့လူ မရှိတော့ဘူးလို့ ဒီလိုပြောတာ၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကလဲ အခွင့်သာနေတဲ့ အချိန်လေးမှာ လုပ်ရမယ်၊ ဘာတွေလုပ်ရမတုန်း ဆိုလို့ရှိရင် မြတ်စွာဘုရားဟောတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ဖို့ပဲ။

ဘုရားသာသနာတော်မှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားကလွဲလို့ တခြားကျင့်စရာမရှိဘူး၊ မဂ္ဂင်ရှစ်ပါး အကျင့်တရား ဆိုတာကလည်းပဲ လူတိုင်းလူတိုင်း သန္တာန်မှာ အခြေခံအားဖြင့် ရှိနေတဲ့တရားပဲ။ ရှိနေတဲ့တရားကို အရှိအတိုင်းသိအောင် လေ့ကျင့်

ရမှာ။ ကိုယ့်သန္တာန်မှာ ဘာတွေရှိတုန်းဆိုရင် အာရုံပြုကြည့်၊ ဘုန်းကြီးတို့တတွေမှာ ကာယဆိုတဲ့ ရုပ်ခန္ဓာကိုယ်ကြီး ရှိတယ်နော်၊ အာရုံကိုသိတတ်တဲ့ အသိစိတ်ဆိုတာရှိတယ်၊ ဝေဒနာလို့ဆိုတဲ့ ခံစားချက်တွေ ရှိတယ်၊ မှတ်သိမှု တွေးကြံမှု ဆိုတဲ့ သဘာဝ ဓမ္မတွေ ရှိတယ်။

ဪ ကိုယ့်သန္တာန်မှာရှိတဲ့ ဒီသဘာဝတရားတွေကို သူ့သဘာဝအတိုင်းမြင်အောင် ရှုမှတ်ပွားများနေတာဟာ မဂ္ဂင်ရှစ်ပါး ကျင့်နေတာပဲ ဖြစ်တယ်။ ဥပမာ ထွက်လေဝင်လေလေးကို ရှုနေလို့ရှိရင် ကာယာနုပဿနာပဲ၊ ဝမ်းနည်းတယ်၊ ဝမ်းသာတယ်၊ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတဲ့ ခံစားချက်လေးကို ရှုနေလို့ရှိရင် ဝေဒနာနုပဿနာ၊ ကိုယ့်သန္တာန်မှာဖြစ်တဲ့ လောဘနဲ့ ယှဉ်တွဲလာတဲ့စိတ်၊ ဒေါသနဲ့ ယှဉ်တွဲလာတဲ့စိတ်၊ မောဟနဲ့ ယှဉ်တွဲ

လာတဲ့စိတ်၊ ဒီစိတ်ကလေးတွေကို ရှုမယ်ဆိုလို့ရှိရင် စိတ္တာနုပဿနာ၊ ကျန်တဲ့ ကြံတွေးမှု၊ ကြံစည်မှုတွေ၊ ရုပ်ခန္ဓာတွေ စသည် ရှုမယ်ဆိုလို့ရှိရင် ဓမ္မာနုပဿနာ၊ အဲဒီလို မိမိသန္တာန်မှာရှိတဲ့ သဘာဝတရားတွေကို အမှန်မြင်အောင်ကြည့်ဖို့ လိုအပ်တယ်တဲ့။

အဲဒီလို အမှန်မြင်အောင် ကြည့်တာကိုပဲ သမ္မာဒိဋ္ဌိ လို့ခေါ်တာ၊ သမ္မာဒိဋ္ဌိဆိုတဲ့ အမှန်မြင်ဖို့အတွက် ဘာလုပ်ရမလဲ၊ သမ္မာသင်္ကပ္ပ ဆိုတဲ့ မှန်မှန်ကန်ကန် စဉ်းစားတတ်ဖို့လိုတယ်၊ မှန်မှန်ကန်ကန် စဉ်းစားတတ်ဖို့အတွက် ကြိုးစားဖို့လိုအပ်တယ်၊ ဒါက သမ္မာဝါယာမ၊ ထိုကြိုးစားတဲ့အခါမှာ စိတ်စိုက်ဖို့ လိုအပ်သေးတယ်၊ ဒါက သမ္မာသတိ၊ အာရုံတစ်ခုထဲမှာ စိတ်ကို ငြိမ်အောင်ထားတာက သမ္မာသမာဓိတဲ့၊ ပေါင်းလိုက်တဲ့အခါကျတော့ မဂ္ဂင်ငါးပါး၊

ဒီမဂ္ဂင် ငါးပါးအဓိကဖြစ်တယ်၊ “**ကာရာပကမဂ္ဂင်**” သို့မဟုတ် “**ကာရကမဂ္ဂင်**” လို့ခေါ်တယ်၊ တရားမွေ့ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့အခါမှာ ဒီမဂ္ဂင် ငါးခုဟာ ဟန်ချက်ညီညီနဲ့ အလုပ်လုပ်သွားပြီ ဆိုလို့ ရှိရင် သဘာဝတွေကို အမှန်အတိုင်း သိနိုင်မှာ ဖြစ်တယ်။

ဆိုပါစို့ ထွက်လေ ဝင်လေလေးကို ရှုမှတ်နေတယ် ဆိုလို့ရှိရင် ထွက်လေ ဝင်လေလေးကို သူ့သဘာဝလေးမတိုင်း မသိသိအောင် ကြိုးစားတာ သမ္မာဝါယာမ၊ ထို ထွက်လေ ဝင်လေလေးကို အမြဲတမ်း သတိကပ်ထားတာက သမ္မာသတိ၊ ထို ထွက်လေ ဝင်လေ အာရုံတစ်ခုထဲပေါ်မှာ စိတ်ကို တည်ငြိမ်အောင် ထားတာက သမ္မာသမာဓိ၊ ထွက်လေ ဝင်လေလေးရဲ့ သဘာဝကို စဉ်းစားတွေးခေါ်နေတာက သမ္မာသင်္ကပ္ပတဲ့။

ဟော အဲဒီလို လေးခု ပေါင်းစပ်လိုက်တဲ့အခါ ဘာပေါ်လာတုန်းဆိုရင် သမ္မာဒိဋ္ဌိ၊ ထွက်လေဝင်လေလေးရဲ့ သဘာဝတရားကို အမှန်မြင်လိုက်တာက သမ္မာဒိဋ္ဌိ၊ ထွက်လေ ဝင်လေလေးရဲ့ သဘာဝတရားကို အမှန်မြင်လိုက်တဲ့ သမ္မာဒိဋ္ဌိဆိုတာ ပေါ်လာတယ်၊ အဲဒီလို အမှန်မြင်လိုက်တယ်ဆိုတာ ထွက်လေ ဝင်လေလေးဟာ သူ့သဘာဝပဲ၊ ထွက်လေဝင်လေပဲ "ငါမဟုတ်ပါလား" ဆိုတာ မြင်လာတယ်၊ ငါမဟုတ်ဘူးဆိုတဲ့ အမြင်ဟာ အမှန်မြင်ပေါ့။ အဲဒီ အမှန်မြင်လိုက်တဲ့ အခါကျတော့မှ ရုပ်နာမ်ဓမ္မ- သင်္ခါရတွေနဲ့ ပတ်သက်လာပြီးတော့ အမှန်မြင်လာတာနဲ့ တစ်ပြိုင်ထဲ "ငြီးငွေ့မှု" ဆိုတာ ပေါ်လာတယ်၊ ငြီးငွေ့လာတာနဲ့ တစ်ပြိုင်နက်ထဲ "တွယ်တာမှု" ဆိုတာ မရှိတော့ဘူး၊ တွယ်တာမှု မရှိတာနဲ့တစ်ပြိုင်နက် "လွတ်မြောက်" သွားတာပဲလေ။

အဲဒီလို အဆင့်ဆင့် အကျိုးရှိသွားအောင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ကာယ၊ စိတ္တ၊ ဝေဒနာ၊ ဓမ္မလို့ ဆိုတဲ့ သတိပဋ္ဌာန် အာရုံ လေးပါးအပေါ်မှာ လူတိုင်းလူတိုင်းဟာ ဘယ်အချိန် မှာပဲဖြစ်ဖြစ် မိမိတို့အားလပ်တဲ့ အချိန်လေးမှာ အာရုံစိုက်ပြီးတော့ ကြည့်မယ်ဆိုရင် ခုနကပြောတဲ့ အသိဉာဏ်တွေအားလုံး ပေါ်လာကြမှာပါတဲ့၊ အဲဒီလို ပေါ်လာတဲ့အခါမှာ ဝိမုတ္တ လွတ်မြောက်မှု ဆိုတာကို ရမှာဖြစ်ပါတယ်။

အဲဒီလိုမှ မကြည့်နိုင်ဘူးဆိုရင် အတွယ်အတာ တွေနဲ့ လူတွေမှာ ဘာတွေဖြစ်မလဲ၊ တွယ်တာမှုရှိရင် သောကတွေလာမယ်၊ သောကတွေဖြစ်ရင် ဒုက္ခ တွေ ဖြစ်မယ်၊ ဒေါမနဿတွေ ဖြစ်မယ်နော်၊ သောကတွေနဲ့ လူ့လောကမှာ လူတွေနေကြရတာ၊ အဲဒီသောကတွေ ပရိဒေဝတွေ၊ ငိုကြွေးရတယ်၊

စိတ်ဆင်းရဲရတယ်၊ ကိုယ်ဆင်းရဲရတယ်၊ အဲဒါတွေ လွှန်မြောက်ဖို့အတွက် နည်းလမ်းကတော့ တစ်ခုထဲပဲ၊ ဒီနည်းလမ်းဟာ မြတ်စွာဘုရား ချမှတ်တော်မူတဲ့ ဒီမဂ္ဂင်ရှစ်ပါး သတိပဋ္ဌာန် အကျင့်တရားပဲတဲ့၊

ဒါကြောင့်မို့လို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က "**ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောက ပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ**" လို့ ဟောတော်မူတာ ဖြစ်တယ်။

"**ဘိက္ခဝေ** – ချစ်သား ရဟန်းတို့၊ **ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ**–သတိပဋ္ဌာန်တရားလေးပါး အကျင့်တရားလို့ဆိုတဲ့၊ **အယံ မဂ္ဂေါ**–ဤကျင့်စဉ်ဟာ၊ **သတ္တာနံ**–သတ္တဝါတို့ရဲ့၊ **ဝိသုဒ္ဓိယာ**–ကိလေသာ

အညစ်အကြေးတွေ စင်ကြယ်ဖို့ရာ၊ **ကာယနော–** တစ်ကြောင်းတည်းသော လမ်းပါပဲ။” ကိလေသာ အညစ်အကြေးတွေ ကင်းစင်သွားမှ၊ ကိလေသာ အပူအပင်မရှိမှ စိတ်ငြိမ်းအေးမှုဆိုတာ ရမှာနော်၊ “**သောကပရိဒေဝါနံ** – စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း တို့ကို၊ **သမတိက္ကမာယ** – ကျော်လွှားနိုင်ဖို့ရာ။” လူတွေဟာ နေ့စဉ်နဲ့အမျှ နေကြထိုင်ကြတဲ့အခါမှာ သောကကို ရင်ဝယ်ပိုက်ပြီးတော့ နေကြရတာ၊ သောကတွေ ကြီးထွားလာတဲ့အခါ ငိုကြရပြန်တယ်၊ စိုးရိမ်တယ်ဆိုတာကြည့်လေ၊ ပျက်စီးမှာစိုးရိမ်တယ်၊ ပျက်စီးသွားပြီးရင်လည်း စိုးရိမ်တယ်၊ ဆုံးရှုံးမှာ စိုးရိမ်တယ်၊ ဆုံးရှုံးပြီးသွားရင်လည်း စိုးရိမ်ရတယ်၊ ငိုကြွေးရတယ်။

“**ဒုက္ခဒေါမနဿာနံ**– ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ရဲ့၊ **အတ္ထင်္ဂမာယ**– ချုပ်ငြိမ်းစေဖို့ရာ၊

**ဉာယဿ အဓိဂမာယ**- နိဗ္ဗာန်ကို ရောက်စေတတ်တဲ့ လမ်းကြောင်းကို သိရှိဖို့ရာ၊ **နိဗ္ဗာနဿ**–နိဗ္ဗာန်ကို၊ **သစ္ဆိကိရိယာယ**–မျက်မှောက်ပြုဖို့ရာ၊ **အယံမဂ္ဂေါ**–ဒီသတိပဋ္ဌာန်ဆိုတဲ့ ကျင့်စဉ်တရားသည်(ဝါ) မဂ္ဂင်ရှစ်ပါးအကျင့်တရားသည်သာလျှင်၊ **ဧကာယနော**–တစ်ကြောင်းတည်းသော လမ်းပါပဲရယ်လို့၊ **ဘဂဝါ**–ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **အဝေါစ**–ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။”

## နိဂုံးစကား

ကံဆိုးသူ ရှစ်ယောက်၊ ကံကောင်းတဲ့ ပုဂ္ဂိုလ် တစ်ယောက်၊ ကံကောင်းတဲ့ပုဂ္ဂိုလ် တစ်ယောက် ထဲမှာ တို့တတွေ ပါနေတဲ့အချိန်၊ မဂ္ဂင်ရှစ်ပါး အကျင့် တရားကို ကျင့်သုံးခြင်းဖြင့်သာလျှင် တကယ့် ကံကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်မှာ ဖြစ်သောကြောင့် တရားချစ်ခင် သူတော်စင် ပရိသတ်တို့သည် ကံကောင်းတဲ့ပုဂ္ဂိုလ်ဖြစ်ခိုက်မှာ မဂ္ဂင်ရှစ်ပါး အကျင့် တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ ပါစေကုန်သတည်း။

# မွေစာပေပြန့်ပွားရေး
# ထာဝရပဒေသာပင် အလှူရှင်များ

၁။ ဦးအုန်းကျော်+ဒေါ်တင်မမ မိသားစု။ ၃၀,၀၀,၀၀၀

၂။ မိဘများနှင့် ဦးတင်စိုးတို့ကိုရည်စူး၍ ၁၉,၀၀,၀၀၀
ဒေါ်ခင်လှ မိသားစု။
(ကိုကျော်သင်းဆေးဆိုင်) မင်္ဂလာဈေး။

၃။ ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ ၃,၀၀,၀၀၀

၄။ ဦးစံသာ+ဒေါ်မေဦးခင် ၁,၅၀,၀၀၀
သမီး - စံသာရတနာ
သား - မောင်စံသာသုခ မိသားစု။

၅။ ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ ၁,၀၀,၀၀၀

၆။ ရွှေပြည်ဟိန်းဆရာတော်၏ ၁,၀၀,၀၀၀
မယ်တော်ကြီး ဒေါ်အမာ။